မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၄ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၅၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဘုတလင်မြို့နယ် သခွတ္တာနယ်ဆေးခန်းသစ်အဆောက်အအုံ စက်ခလုတ်နှိပ်ဖွင့်လှစ် လှျပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ၌ မိုးကြိုးချည်မျှင်ရှည်ဝါနှင့် နွေစပါးစုပေါင်းစိုက်ပျိုးပွဲ တက်ရောက်အားပေး ယာသီးနှံများအပြင် စပါးတစ်သီးနှင့် မြေလွတ်မြေရိုင်းများတွင် ခြံစည်းရိုးကြက်ဆူပင်များပါ စိုက်ပျိုးရန်မှာကြား

ရန်ကုန် မတ် ၃

မုံရွာမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီ ၅၅ မိနစ်တွင် ဘုတလင်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိ၍ ကြက်ဆူပင်မျိုးကိုင်း နှစ်သောင်း၊ မျိုးစေ့နှစ်သောင်းနှင့် ပျိုးကိုင်းနှင့် အစေ့ချပျိုးပင်တစ်သောင်း ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရေဘုတလင် လှျပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း ပြည်တွင်းနှင့် အင်တာနက်သတင်း ဓာတ်ပုံအညွှန်း

❐ တရုတ်နိုင်ငံတွင် အင်တာနက် အသုံးပြုသူ ဦးရေ တိုးတက် များပြားလာလျက်ရှိရာ မကြာမီအချိန်အတွင်း ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲမှု အများဆုံး နိုင်ငံအဖြစ် ရောက်ရှိတော့မည်ဖြစ်သည်။

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

❐ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သော သီတင်းပတ်က ပို့စ်မောက်အသင်းကို မိမိအိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ယခုသီတင်းပတ် ယနေ့တွင် ဝက်စ်ဘရွန်းကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

ပရီမီယာရှစ် ဘောလုံးပွဲများ ယနေ့ အကြိုတ် အနယ် ယှဉ်ပြိုင်မည် (စာ-၁၃)

❐ "နံနက်စာ" ပန်းချီကားချပ်မှာ ဆီဆေးပန်းချီကားဖြစ်ပြီး အစိမ်းရောင်ကို အဓိကအားပြုကာ အခြား ရောင်စုံများနှင့် ခြယ်မှုန်းထားခြင်း ဖြစ်သည်။ ပုံမှာ ကြက်တူရွေးလေး တစ်ကောင်၏ ပင်ကိုသဘာဝအတိုင်း နံနက်စာအဖြစ် သစ်သီးများကို စားနေသည့်ပုံဖြစ်သည်။ ကျေးငှက်တိရစ္ဆာန်များကို ချစ်မြတ်နိုးသူများအတွက် ချစ်စရာအရောင်အသွေးဖြင့် ကြက်တူရွေးလေးတစ်ကောင်၏ သဘာဝအနေအထားအတိုင်း အရောင်များကို စနစ်တကျ သုံးကာ ရေးဆွဲထားခြင်းသည် အမြင်အာရုံကို စွဲထင်စေသည်။



ကြည့်ရှုသူတို့ဘဝင်စွဲငြိစေမည့် ပန်းချီပြပွဲသို့တစ်ခေါက် (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၄ ရက်)

စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေး ခြံစည်းရိုးကြက်ဆူပင်များ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၆ ခုနှစ်၊ တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင်–

"စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတွင် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်နေသည့် ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သော စွမ်းရည်နှင့်နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်သဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီ ဖြစ်ပါသည်"

ဟူ၍ဖော်ပြပါရှိသည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်ကို ချမှတ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံသူ နိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေးအတွက်သာမက နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကိုပါ ဖော်ဆောင် ဖြည့်ဆည်းပေးနေသော ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် အခြေခံအကျဆုံး ကုန်ထုတ်လုပ်ငန်းကြီး တစ်ရပ်ဖြစ်သည်။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သော စီးပွားရေးကဏ္ဍကြီးတစ်ရပ်လည်းဖြစ်သည်။

နိုင်ငံတော်၏ အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် နိုင်ငံသူနိုင်ငံသား အများစု ဖြစ်သည့် တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် မြေသြဇာတ၊ ရေသြဇာတများကို အစွမ်းကုန်အသုံးချနိုင်စေရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ၏ အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲလျက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝ အခြေအနေကို လိုက်၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြသည်။

စိုက်ပျိုးရေပေးသွင်းနိုင်ပြီး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ပလပ်မြေများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်တိုးချဲ့နိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်ခြင်းတို့ကြောင့် သီးနှံစိုက်စွမ်းအားတိုးတက်မှု၊ အထွက်နှုန်းမြင့်မားမှု အကျိုးရလဒ်ကောင်းများကို တောင်သူလယ်သမားကြီးများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်နိုင်စေရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်စေရန် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေး အစီအမံများကို နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပေါင်းစပ် ကြိုးပမ်းဆောင်ရွက်လျက်လည်း ရှိကြသည်။

ဇီဝလောင်စာဆီ(ကြက်ဆူဆီ)သည် စက်မှုလယ်ယာစနစ် ဖြစ်ထွန်းရေး၊ ကျေးလက်သုံး လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သွင်းကုန်အစားထိုးရေးတို့အတွက် အထူးအသုံးဝင်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတွင် အဓိကလိုအပ်သည့် အသုံးဝင်မှုတန်ဖိုးကြီးမားသော ခြံစည်းရိုးကြက်ဆူပင်များကို တောင်သူလယ်သမားကြီးများက စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘက်ထရီအိုးများ ထုတ်လုပ်မှုနည်းစဉ်အတိုင်း စနစ်တကျထုတ်လုပ် အရည်အသွေးပြည့်မီရေး သေချာစွာစမ်းသပ်စစ်ဆေး

ရန်ကုန် မတ် ၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းက ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ ရောက်ရှိပြီး မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း၏ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းတွင် သံရည်ကျိုအလုပ်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးအေးသောင်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဝန်ကြီးက စက်ရုံအလုပ်ရုံများ ဆောက်လုပ်မှုကို သတ်မှတ်ချိန်အတွင်း ပြီးစီးစေရန် စီမံဆောင်ရွက်ရေး၊ စက်ရုံလမ်းများ ဖောက်လုပ်ရေး၊ စီမံကိန်းနယ်မြေနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပစ္စည်းသိုလှောင်ရုံတွင် ဆောက်လုပ်ရေးပစ္စည်း သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ဆောက်လုပ်ရေးပစ္စည်းများကို ဖြည့်တင်းထားရှိရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဖေဖော်ဝါရီ ၂၇ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ထုံးဘိုရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ ဘက်ထရီအိုး ထုတ်လုပ်မှုအလုပ်ရုံသို့ရောက်ရှိပြီး မော်တော်ယာဉ်သုံးနှင့် စက်မှုလုပ်ငန်းသုံး ပလတ်စတစ် ဘက်ထရီအိုး အမျိုးမျိုးထုတ်လုပ်မှုနှင့် ဘက်ထရီအိုးအတွင်း ထည့်သွင်းအသုံးပြုသည့် ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှုကိုလည်းကောင်း၊ ဘက်ထရီအိုးများ တပ်ဆင်ထုတ်လုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)မှ အထွေထွေမန်နေဂျာ ဦးတင့်လွင်နှင့် လျှပ်စစ်အီလက်ထရွန်နစ်နှင့် ပစ္စည်းထုတ်လုပ်မှုစက်ရုံမှ အထွေထွေမန်နေဂျာ ဒေါ်လဲ့လဲ့ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

သေချာစွာ

ဝန်ကြီးက ထုတ်လုပ်သည့် ဘက်ထရီအိုးများ အရည်အသွေးပြည့်မီရေး၊ ထုတ်လုပ်မှုနည်းစဉ်အတိုင်း စနစ်တကျ ထုတ်လုပ်ရေး၊ ထုတ်လုပ်ပြီး ဘက်ထရီအိုးများကို သေချာစွာ စမ်းသပ်စစ်ဆေးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းဒုလ္လဘရဟန်းခံနှင့် ခုနစ်ရက်တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၃

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်းကျေးရွာ မိုးကုတ်ဝိပဿနာ ရာသက်ပန် တရားစခန်း ဓမ္မရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၃) ကြိမ်မြောက် စုပေါင်း ရဟန်းခံပွဲ၊ သိက္ခာထပ်ပွဲ၊ ရှင်သာမဏေ ပြုပွဲနှင့် သီလရှင်ဝတ်ပွဲကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း၁၃ရက်နံနက်၈နာရီတွင် ရှင်သာမဏေပြုပွဲနှင့် သီလရှင်ဝတ်ပွဲကျင်းပပြီးတပေါင်းလဆန်း ၁၄ ရက် နံနက်၈နာရီတွင် ဒုလ္လဘရဟန်းခံပွဲနှင့် တပေါင်းလပြည့်နေ့ နံနက် ၈ နာရီတွင် သိက္ခာထပ် မင်္ဂလာနှင့် နံနက် ၉နာရီတွင် သိမ်ဆင်းမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်သည်။

(၅၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းကို တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော်၆ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဝိပဿနာ ရာသက်ပန် တရားစခန်းရိပ်သာမှ မိုးကုတ်ဝိပဿနာ နယ်လှည့်သာသနာပြု အရှင်ပညိန္ဒာဘိဝံသက ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။လှူဒါန်းလိုသူများ ရဟန်းတစ်ပါးလျှင် ကျပ် ၅၀၀၀၊ သာမဏေတစ်ပါးနှင့် သီလရှင်တစ်ပါးလျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းနှင့် အရဏ်ဆွမ်း၊နေ့ဆွမ်းနှင့် အချိုပွဲများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် မိုးညှင်း ဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်း ဆောင်တော်ကြီးအတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့် ဦး– ဒေါ်အေးအေးမြင့်၊ သားသမီးမြေးမြေးမြစ်များ... သားသမီးမြေးမိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၄–၃–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် (သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိများ)

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ မေးမြန်းစူးစမ်း
၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"ရောင်းရန်ရှိသည်"** (အပိုင်း–၁)
၀၁း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်ဖွဲ့
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း–၁၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရုပ်မြင်သံကြားဇာတ်လမ်း **"သူရဲကောင်းများထွန်းကားသည်"** (အပိုင်း–၂) အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ်၊ (ဒါရိုက်တာ–ပန်းချီစိုးမိုး)
၁၉။ English Premier League ဘောလုံးပွဲ Fulham Vs Arsenal

4-3 (02).p65 1 3/29/1905, 6:32 PM



စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဘုတလင်မြို့နယ် သခွတ္တနယ် စံပြကျေးရွာ ဆေးခန်းအဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် သခွတ္တနယ် စံပြကျေးရွာ ဆေးခန်းသစ်ဖွင့်ပွဲ၊ ကျန်းမာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့်အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင်ဘုတလင်မြို့နယ် သခွတ္တနယ် စံပြကျေးရွာ ဆေးခန်းသစ်ကို ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကြည်စိန်နှင့် အလှူရှင် ဦးကျော်သောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆေးခန်းအဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဧည့်သည်များနှင့် အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးခန်းသစ်တွင်းရှိ အမျိုးသမီး လူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း (အကြီးစား)၊ ဆေးသိုလှောင်ခန်း၊ အမျိုးသားလူနာဆောင်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်သောင်းကိုယ်စား ဦးကျော်သန်းက ဆေးခန်းသစ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်အေးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်ဦးကျော်သောင်း၏ သမီး ဒေါ်စိုးစိုးက ဆေးခန်းသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဘုတလင်မြို့ပြည်သူ့ဆေးရုံအတွက် အလှူရှင်ခြောက်ဦးတို့က အောက်ဆီဂျင်တစ်ဘူး၊ ခွဲစုပ်စက်တစ်လုံး၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၂ သိန်းတို့ကိုလည်းကောင်း၊ ဘုတလင်မြို့နယ် မီးသတ်ဦးစီးဌာနအတွက် အလှူရှင်နှစ်ဦးတို့က မီးသတ်ယာဉ်တစ်စီးနှင့် ငွေကျပ်ငါးသိန်းတို့ကို လည်းကောင်း ပေးအပ် လှူဒါန်းကြသည်။ ထို့နောက် သခွတ္တနယ် ကျန်းမာရေးဆေးခန်းအတွက် အလှူရှင်လေးဦးတို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၄ သိန်းကိုလည်းကောင်း၊ မောင်းထောင် တိုက်နယ်ဆေးရုံအတွက် အလှူရှင်ငါးဦးတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၈ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသခွတ္တနယ် စံပြကျေးရွာ ဆေးခန်းသစ်သည် ၄ ဒသမ ၁၅ ဧကကျယ်ဝန်းပြီး တစ်ထပ် အာရ်စီ အဆောက်အအုံဖြစ်သည်။ အလျား ၁၁၇ပေ၊ အနံ၈၂ပေရှိပြီး တစ်ဦးတည်း အလှူရှင် မန္တလေးမြို့နေ ဆီစက်ပိုင်ရှင် ဦးကျော်သောင်း-ဒေါ်တင်တင်ဦး တို့က လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါဆေးခန်းသည် ကျေးရွာအုပ်စုရှစ်အုပ်စု၊ ကျေးရွာပေါင်း ၄၀ တို့မှ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် ရေဘုတလင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဒေသ၌ မိုးကြိုချည်မျှင်ရှည်ဝါနှင့် နွေစပါးစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အသင့်စိုက်ပျိုးရန် ထွန်ယက်ပြီးဖြစ်သည့် ဦးစန်းငွေ၏ ယာကွက်တွင် ဝါမျိုးစေ့ချ၍ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိမိတို့လယ်ယာများတွင် ယာသီးနှံများအပြင် စပါးတစ်သီးနှင့် မြေလွတ်မြေရိုင်းများ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးကြရန် မှာကြားသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲတွင် စုစုပေါင်း ၁၅ ဒသမ ၄၂ဧကကို ဝါမျိုးစေ့ချ စုပေါင်းစိုက်ပျိုးကြကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ၌ နွေစပါးစုပေါင်းပျိုးထောင်ပွဲကို တက်ရောက်အားပေးကြသည်။

ရေဘုတလင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းဧရိယာဧက ၄၀၀၀၀ တွင် စီမံကိန်းမစတင်မီကာလက မိုးစပါး ၁၀၂၄၄ဧက၊ မိုးစိုက် ယာသီးနှံနှင့် မိုးနှောင်းစိုက် ဂျုံ၊ ကုလားပဲ၊ နေကြာသီးနှံများကိုသာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခု နွေစပါးဧက ၇၀၀၀နှင့် မိုးကြိုချည်မျှင်ရှည်ဝါဧက ၃၀၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မရေတင်စခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က စီမံကိန်းအဆင့်များ၏လုပ်ဆောင်မှုအခြေအနေနှင့် လျှပ်စစ်မီးရရှိရေးအခြေအနေ၊ စိုက်ပျိုးမြေများသို့ ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရေဘုတလင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဒေသရှိ ကျေးရွာများမှ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ယာမြေမှ လယ်မြေဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် စပါးတစ်သီးစိုက်ပျိုးပြီးပဲ၊ နှမ်းအပြင် အခြားသီးနှံများကို စိုက်ပျိုးကြရေး မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေဘုတလင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပင်မရေတင်စက်ရုံမှ ရေငြိမ်ကန်နှင့် ပင်မမြောင်းရေစီးဆင်းမှု၊ ပင်မရေတင် စက်ရုံသို့ ပိုက်များဖြင့် ရေများတင်ပို့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အနောက်မြောက် တိုင်းစစ်ဌာနချုပ်၏ မုံရွာတပ်နယ် ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး စိုးလွင်က စစ်ကိုင်းတိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် လျာထားပြီး တပ်နယ်အတွင်း ဧက ၁၃၃၅၀ စိုက်ပျိုးရန် လျာထားလျက်ရှိရာ စိုက်ပြီး၂၄၁ဒသမ ၈ဧကပျိုးထောင်ပြီး ၁၀၄၉ ဧက ရှိကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ပျိုးထောင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် စစ်သည်မိသားစုဝင်များနှင့် အတူ ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းများ၊ မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုး ပေးကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များသို့ လှည့်လည်သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းနှင့် မျိုးစေ့ပျိုးထောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မုံရွာတပ်နယ်ရှိ ဇေယျာသီရိခန်းမ၌ မုံရွာတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်မိသားစုများအနေဖြင့် ဇီဝဒီဇယ်ဆီရရှိသည့် ခြံစည်းရိုးကြက်ဆူပင်များကို မြေကွက်လပ်မကျန် စိုက်ပျိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး တပ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ဧည့်ရိပ်သာတွင် ရပ်နားကြသည်။

(သတင်းစဉ်)

မတ် ၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၅)၊ (၂၆)ဖွင့်ပွဲတွင် ရန်ကုန်တိုင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေမောင်းတီးစေတီတော် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် မတ် ၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကံကြီးဒေါင့်မြို့နယ် လက်ဆောင်ကွင်းကျေးရွာအုပ်စု မောင်းတီးကြီးကျေးရွာတွင် ဘဏ်တော်၁၀၈တောင်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ရွှေမောင်းတီးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ်၉ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်တွင် ရွှေမောင်းတီးကျောင်းတိုက်၏ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသသီရိ ဆရာတော်၏ နှစ်၄၀ သာသနာပြုအထိမ်းအမှတ် ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ ဩဝါဒါစရိယ နည်းလှည့်ဓမ္မကထိက ကျိုက်ဝိုင်း ဦးမုနိန္ဒ၏ ဝိပဿနာတရားပွဲသဘင်နှင့် စတင်ဖွင့်လှစ်ကာ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူအမည်စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၃

၂၀၀၆ခုနှစ်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန် ဦးစီးကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲမှ ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင်-

(၁) မင်္ဂလာဒုံမှ မောင်ချိုဝေ၏ **"စစ်သားဖေဖေ ဖေဖေစစ်သား"** က ပထမ၊

(၂) မင်္ဂလာဒုံမှ နွေးထက်လှိုင်၏ **"မြင့်မြတ်မော်ကွန်း"** က ဒုတိယ၊

(၃) ဧရာဝတီတိုင်း ပုသိမ်မြို့မှ မိုးမြင့်စံ၏ **"စစ်ဖိနပ်တစ်ရံ"** က တတိယ၊

(၄) နီငြိမ်း(အညာတက္ကသိုလ်)၏ **"ပိတ်ဆို့စစ်ဆင်တိုက်ပွဲဝင် အောင်မြင်ကျော်ကြား ၆၅(ခြောက်ဆယ့်ငါး)"**၊

(၅) သူရိန်ဦး၏ **"လွမ်းရတဲ့မောမြေ"**၊

(၆) မြင့်မြတ်(D.S.A)၏ **"အောင်စစ်သည်တစ်ဦး၏ အနိုင်းမဲ့ဂုဏ်ဒြပ်"**၊

(၇) ကြည်ပြာသန်းမြင့်(M.P.T)၏ **"လက်ရုံးသွေးဖြင့် အောင်ပွဲတင့် နှလုံးသွေးနှင့် အောင်ပွဲဆင့်"**

(၈) နီသင်အောင်ကျော်မိုး၏ **"အလင်္ကာပန်းရွှေပြည်"** တို့က အထူးဆု အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် ၂၀၀၆ခုနှစ် မတ်လ (၂၇)ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ တက်ရောက်ယူရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် ဦးကိုကိုထွေး၊ အတွင်းရေးမှူး စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ်လ ၂၃ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

အမေရိကန် အုတ်ကလာဟိုးမား၌ တောမီးလောင် လူရာပေါင်းများစွာ ထွက်ပြေးခဲ့ကြရ

ဝါရှင်တန် မတ် ၃

အမေရိကန်နိုင်ငံ အုတ်ကလာဟိုးမားပြည်နယ် အလယ်ပိုင်းတောင်ဘက်၌ တောမီးလောင်မှုများ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာရာ လူပေါင်း ငါးရာကျော် ထွက်ပြေးကြရကြောင်း မတ် ၁ရက်၌ ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းတောမီးလောင်ကျွမ်းမှုမှာ ပရိုင်ရီတောင်ပိုင်း၌ တစ်နာရီလျှင် ကီလိုမီတာ ၅၀နှုန်းဖြင့် တိုက်ခတ်နေ၍ အခြေအနေဆိုးရွားပြီး အပူချိန်မှာ ၃၀ဒီဂရီဆဲလ်စီးရပ် အထက်တွင်ရှိကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဖျက်ဆီးပစ်ရ

မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးမှာ အုတ်ကလာဟိုးမား အနောက်တောင်ပိုင်း စတီဖန်းဒေသ၌ လောင်ကျွမ်းနေသော မီးကို ငြိမ်းသတ်စဉ် ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း၊ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်း အဆောက်အအုံများ ဖျက်ဆီးပစ်ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

မီးလောင်ခံခဲ့ရ

ယင်းမီးလောင်မှု မည်သို့ဖြစ်ရသည်ကို မသိနိုင်ကြောင်း၊ ဒီဇင်ဘာလ ကတည်းက အဆိုပါဒေသ၌ ချုံပုတ်များမှ စတင်လောင်ကျွမ်းလျက်ရှိရာ ဧကထောင်ပေါင်းများစွာ လောင်ကျွမ်းခဲ့ပြီဖြစ်ကြောင်း၊ နေအိမ်ဒါဇင်ပေါင်း များစွာလည်း မီးလောင်ခံခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လောင်ကျွမ်းနေသော တောမီးကို ငြိမ်းသတ်နေကြစဉ်။

အာဖဂန်လက်နက်ကိုင်ပြောက်ကျား ၂၉ဦး အကြမ်းဖက်မှုစွန့်လွှတ်၍ အစိုးရနှင့်ပူးပေါင်း

ကဘူးလ် မတ် ၃

အာဖဂန်နစ္စတန်နိုင်ငံတွင် အစိုးရကိုဆန့်ကျင်ခဲ့သည့် လက်နက်ကိုင်ပြောက်ကျား ၂၉ဦးသည် ဖေဖော်ဝါရီ ၂၆ရက်က လက်နက်ချကာ အစိုးရနှင့်ပူးပေါင်းလိုက်ကြောင်း ငြိမ်းချမ်းမှုတိုးမြှင့်ရေးကော်မရှင် (စီပီအက်စ်) အကြီးအကဲက ပြောကြားသည်။

သဘောထားကွဲလွဲ

တာလီဘန်မှ သဘောထားကွဲလွဲခဲ့သည့် ညီအစ်ကို ၂၉ဦးသည် ငြိမ်းချမ်းရေးအစီအစဉ်များကို ယနေ့ ပူးပေါင်းခဲ့ကြပြီး နိုင်ငံတည်ဆောက်ရေးအတွက် ကူညီရန် သန္နိဋ္ဌာန်ချခဲ့ကြကြောင်း၊ ယခင်လက်နက်ကိုင်ပြောက်ကျားများ လက်နက်ချမှုနှင့် ပတ်သက်သည့် အခမ်းအနားကျင်းပပွဲ၌ ဆီဘဂါတူလာမူဂျာဒါဒီက သတင်းထောက်များအား ပြောကြားသည်။

ပူးပေါင်းခဲ့

စီအက်စ်ပီ ထူထောင်ခဲ့ကတည်းက လွန်ခဲ့သည့် ကိုးလကျော်အတွင်း လက်နက်ကိုင်ပြောက်ကျား ၁၁၀၀ ကျော်သည် လက်နက်ချကာ အစိုးရနှင့်ပူးပေါင်းခဲ့ကြပြီး ဖြစ်သည်။

အစိုးရနှင့်ပူးပေါင်းမည်

စစ်ဘက်က အခြားအစိုးရကို ဆန့်ကျင်သည့် လက်နက်ကိုင်ပြောက်ကျားများအား အကြမ်းဖက်မှုများကို စွန့်လွှတ်ရန်နှင့် ငြိမ်းချမ်းရေးအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လင်းပိုင် ၇၀ခန့် ဂျပန်ကမ်းခြေ၌ အစုလိုက်အပြုံလိုက် သောင်တင်နေ

တိုကျို မတ် ၃

ဂျပန်နိုင်ငံ ပစိဖိတ်ကမ်းရိုးတန်းရှိ ကမ်းခြေပေါ်သို့ ဖေဖော်ဝါရီ ၂၆ရက်က လင်းပိုင်များ အစုလိုက်အပြုံလိုက် သောင်တင်နေခဲ့ရာ ဒေသခံ အရာရှိများက ၎င်းတို့အား ပင်လယ်အတွင်းသို့ ပြန်ရောက်ရေးအတွက် ခက်ခက်ခဲခဲ သယ်ဆောင်တွန်းထုတ်ခဲ့ကြရသည်။

လင်းပိုင် ၇၀ခန့်သည် တိုကျိုမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ခန့်အကွာ အိုင်ချီနိုမီယာ တံငါမြို့ရှိ ပင်လယ်ကမ်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံ အရာရှိများက ပြောကြားသည်။

ကြိုးပမ်းကူညီ

အရာရှိဒါဇင်ပေါင်းများစွာနှင့် ဒေသခံများသည် အဆိုပါနေရာသို့ အမြန်သွားရောက်ကြကာ ပင်လယ်အတွင်း ပြန်လည်ကူးခတ်သွားနိုင်ရေးအတွက် ကြိုးပမ်းကူညီခဲ့ကြကြောင်း ၎င်းတို့က ပြောကြားသည်။

လင်းပိုင်အများစုသည် ညနေ နေဝင်ချိန်လောက်တွင် ရေထဲသို့ ပြန်ဆင်းသွားကြကြောင်း ၎င်းတို့က ပြောကြားသည်။

မတွေ့ဖူးခဲ့

မိမိတို့သည် ယခင်က ဤမြို့ရှိ ကမ်းခြေ၌ ယခုကဲ့သို့ လင်းပိုင်အများအပြား ရောက်ရှိလာသည်ကို မတွေ့ဖူးကြောင်း၊ အဘယ့်ကြောင့် ယင်းသို့ ဖြစ်သည်ကို မိမိတို့ နားမလည်ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံးဖွယ်

လင်းပိုင်တချို့မှာ သေဆုံးဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

သောင်တင်နေသော လင်းပိုင်များကို ပင်လယ်တွင်းသို့ သယ်ဆောင်တွန်းပို့ပေးနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်၅၀၀၀က မြေကရားကြီးတစ်လုံး တရုတ်နိုင်ငံ အနောက်မြောက်ဘက်၌ တွေ့ရှိ

လန်ကျိုး မတ် ၃

တရုတ်နိုင်ငံ အနောက်မြောက်ဘက် ဂန်ဆုပြည်နယ်လင်တာအို စီရင်စုတွင် ကျွမ်းကျင်သူများက နှစ်ပေါင်း ၅၀၀၀ ခန့်ကဟု အတည်ပြုပြောကြားခဲ့သည့် အနက်နှင့် နီညိုရောင်ခြယ်သထားသော ကြီးမားသည့်မြေထည်ကရားကြီး တစ်လုံးကို မကြာသေးမီက မြေအောက်မှ တွေ့ရှိခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ရှားပါးပစ္စည်း

ယခုဖော်ထုတ်တွေ့ရှိခဲ့သည့် ပစ္စည်းသည် ရှားပါးသည့် ပစ္စည်းတစ်ခု ဖြစ်ကြောင်း၊ အဘယ့်ကြောင့် ဆိုသော် ၎င်းသည် ၄က်ပုံသဏ္ဌာန်ရှိပြီး အပေါက်အတော်များများ ပွင့်နေကြောင်း၊ ဘီစီ ၃၃၀၀ ဘီစီ ၂၀၅၀ သမိုင်းတင်ကာလဖြစ်သော မာဂျီယာ ယာအိုယဉ်ကျေးမှုကာလဖြစ်ကြောင်း၊ ထုံးစံအားဖြင့် အဆိုပါ ပုံသဏ္ဌာန်ရှိ ကရားများသည် ထိပ်ဘက်တစ်ခုတည်းသာ ပွင့်နေကြောင်း ဂန်ဆုပြည်နယ် မာဂျီယာ ယာအို ယဉ်ကျေးမှုအဖွဲ့အစည်း ဥက္ကဋ္ဌ ဝမ်ဟိုင်ဒွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကရာချိရှိ ကန်ကောင်စစ်ဝန်ရုံး အပြင်ဘက် ဗုံးများပေါက်ကွဲ၊ လူငါးဦး ဒဏ်ရာရရှိ

ကရာချိ မတ် ၃

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ အမေရိကန်ကောင်စစ်ဝန်ရုံးအပြင်ဘက်၌ မတ် ၂ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ပါကစ္စတန်လူမျိုး ငါးဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကာရာချိမြို့ အမေရိကန် ကောင်စစ်ဝန်ရုံးအပြင်ဘက်၌ ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ကား၁၀စီးမီးလောင်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူ ဂျာဗတ်အက်ဘားက ပြောကြားသည်။ **(အောက်ပုံ)**

ယင်းဗုံးကွဲမှုကြောင့် လူငါးဦး ဒဏ်ရာရရှိသွားကြောင်း၊ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခြင်းလား၊ မီးလောင်မှုကြောင့် ဒဏ်ရာရရှိခြင်းလား မပြောနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။

ပေါက်ကွဲခြင်းဖြစ်

အခြား ဗုံးတစ်လုံးမှာ ပထမ ပေါက်ကွဲသော ဗုံးနှင့်မလှမ်းမကမ်းရှိ ဟိုတယ်တစ်ခု၏ ကားပတ်ကင်တစ်ခုအတွင်း ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အက်ဘားက ပြောကြားသည်။

ယင်း ဗုံးပေါက်ကွဲမှုများသည် သမ္မတဘုရှ် ပါကစ္စတန်သို့ အလည်အပတ်မရောက်ရှိမီ ကြို၍ဖောက်ခွဲခဲ့ရပုံရကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ယူအင်န်အီးပီ၏ အကြီးအကဲရာထူးအတွက် ကိုယ်စားလှယ်လောင်းများ ကိုဖီအန်နန်ထုတ်ပြန်

ကုလသမဂ္ဂ မတ် ၃

လာမည့်ဧပြီ ၁ရက်တွင် လစ်လပ်တော့မည့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (ယူအင်န်အီးပီ)၏ အုပ်ချုပ်မှုဒါရိုက်တာရာထူးအတွက် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က သတ်မှတ်ထုတ်ပြန်လိုက်သည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ မာရီအိုကာဘီက မတ် ၁ရက်၌ ပြောကြားသည်။

ရွေးချယ်သတ်မှတ်

ကုလသမဂ္ဂ၏ အဆိုပါ ရာထူးအတွက် ဥရောပမြောက်ပိုင်း၊ အလယ်ပိုင်းအမေရိကနှင့် တောင်အာရှဒေသမှ ကိုယ်စားလှယ်များကို ကိုဖီအန်နန်က ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုယ်စားလှယ်လောင်းများ

ယူအင်န်အီးပီ အကြီးအကဲရာထူးအတွက် နော်ဝေပတ်ဝန်းကျင်ရေးရာဝန်ကြီးဟောင်း ဘော်ဂီဘရန်ဒီ၊ ကော်စတာရီကာနိုင်ငံ၏ စွမ်းအင်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး ကာလိုစ်မင်နူရိုဒရီဂုဇ်အီချန်ဒီ၊ ယူအင်န်အီးပီ၏ ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာဖြစ်သည့် ပါကစ္စတန်မှ ရှက်ဖ်ဂတ်ကာကာခယ်၊ အိန္ဒိယမှ ရာချန်ဒရာပါချောရီ၊ ဂျာမနီမှ အက်ချမ်စတီနာတို့ကို ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်တာနက် အသုံးပြုသော တရားမဝင်ဆေးဝါးအညွှန်းစာများ မူးယစ်ဆေးဝါးလမ်းကြောင်းကို ဖြစ်ပေါ်စေခဲ့ဟု အစီရင်ခံစာဖော်ပြ

ကုလသမဂ္ဂ မတ် ၃

အင်တာနက်ပေါ်တွင် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုလမ်းကြောင်းများဖြစ်အောင် ပြုလုပ်လာသည်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့က သတိပေး ပြောကြားလိုက်သည်။

နှစ်စဉ် အမေရိကန်ပြည်ထောင်စုသို့ တရားမဝင် ဆေးဝါးအညွှန်းစာ ၁၀သန်းဝင်ရောက်လျက်ရှိမှုကြောင့် တရားမဝင် မူးယစ်ဆေးဝါး အလွဲသုံးစားမှုများ ဖြစ်လာကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ပြဿနာမျိုးကြုံတွေ့နေရ

ကနေဒါနှင့် မက္ကဆီကိုတို့တွင်လည်း အလားတူ ပြဿနာမျိုး ကြုံတွေ့နေရကြောင်း နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (အိုင်အင်န်စီဘီ)က ပြောကြားသည်။

အခြားတွေ့ရှိချက်များ–

* **ဆေးခြောက်သုံးစွဲသူ အာဖရိကတွင် လူပေါင်း ၃၄သန်းကျော် ရှိပြီး ဥရောပတွင် သန်း ၃၀ရှိသည်။**
* **ကိုကင်းထုတ်လုပ်မှုနှင့် တရားမဝင်မူးယစ်ဆေးဝါး မှောင်ခိုမှု တောင်အမေရိကတွင် မြင့်တက်လာပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှုများ ဘိုလီးဗီးယားနှင့် ပီရူး၌ တိုးလာသည်။**
* **မူးယစ်ဆေးဝါးများ ခန္ဓာကိုယ်တွင်း ထိုးသွင်းမှုကြောင့် တောင်အာရှ၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါများ ဖြစ်ပွားမှု မြင့်တက်လာသည်။**
* **အာဖဂန်နစ္စတန်တွင် ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ ၇၈ရာခိုင်နှုန်းကို ထုတ်လုပ်နေသည်။**

တရားမဝင်ဆေးအညွှန်းစာ

အင်တာနက်ကိုအသုံးပြုပြီး တရားမဝင်ဆေးအညွှန်းစာများသည် မူးယစ်ဆေးဝါးလမ်းကြောင်းကို ဖြစ်ပေါ်စေကြောင်း ဗီယင်နာအခြေစိုက် အိုင်အင်န်စီဘီ၏ နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြသည်။

မူးယစ်ဆေးဝါး ဂုဏ်သတ္တိပါ ဆေးဝါးများ

တင်ပို့ရောင်းချ

ယင်းတို့မှာ အကိုက်အခဲပျောက်ဆေးများနှင့် ရူးဆေးကဲ့သို့သော ဆေးများဖြစ်ပြီး ဒေါ်လာသန်း ရာပေါင်းများစွာ တန်ဖိုးရှိသည်။ ယင်းတို့မှာ ဆေးအညွှန်းမပါသည့် မော်ဖိန်းများ တင်ပို့ရောင်းချနေသည့် ပမာဏထက် ပိုများသည်။

ယင်းကဲ့သို့သော ဆေးဝါးများကို ကျောင်းနေအရွယ်ကလေးများအပါအဝင် အသက်အရွယ်အားလုံးက သုံးစွဲနေကြကြောင်း ယင်းအစီရင်ခံစာက ဖော်ပြသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သေးငယ်သော ခွေးလေး

သေးငယ်သော ခွေးလေးတစ်ကောင်ကို ဘောပင်တစ်ချောင်းနှင့် နှိုင်းယှဉ်ပြသထားစဉ်။ (အောက်ပုံ)

အဆိုပါ ခွေးလေးမှာ ကိုလိုရာဒိုပြည်နယ် အီဂဲဝါတားမြို့တွင် လွန်ခဲ့သော သီတင်းသုံးပတ်ခန့်က မွေးဖွားခဲ့သော ခွေးလေးဖြစ်ပြီး အရွယ်အစားမှာ ဘောပင်တစ်ချောင်း၏ အရှည်ခန့်သာ ရှိသည်။ ယခုအခါ ဒဏ်ရာရရှိထားသဖြင့် အီဂဲဝါတားမြို့ရှိ တိရစ္ဆာန်ကုသရေးဆေးရုံ၌ တင်ပို့ ကုသထားရသည်။ **(အင်တာနက်)**

ဘီစီ ၄၃၀ ခန့်က ရှေးဟောင်းကြေးပြား

ဘီစီ ၄၃၀ခန့်က ရှေးဟောင်းကြေးပြားတစ်ပြားကို တွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါ ရုပ်ပုံပါကြေးပြားကို ဂရိနိုင်ငံ အီမီရာမြို့အနီး မြေအောက်မှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ အေသင်မြို့ ဘီနာကီအမျိုးသားပြတိုက်တွင် ပြသထားလျက်ရှိသည်။

သုတေသနပညာရှင်များ၏ အဆိုအရ လွန်ခဲ့သော ဘီစီ ၄၃၀ခန့်က ရှေးခေတ် ဂရိလူမျိုးတို့ အသုံးပြုခဲ့သည့် အဆောင်ပစ္စည်းတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တောင်ကိုရီးယားသင်္ဘောတစ်စင်း မုန်တိုင်းဒဏ်ခံရ

ရှန်ဟိုင်း မတ် ၃

တောင်ကိုရီးယားမှ ကုန်တင်သင်္ဘောတစ်စင်းသည် အရှေ့တောင်တရုတ်ပင်လယ်တွင် ဖေဖော်ဝါရီ ၂၇ရက်က မုန်တိုင်းဒဏ် ခံခဲ့ရသဖြင့် အဆိုပါသင်္ဘောမှ သင်္ဘောသား ၁၆ဦးကို ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

မုန်တိုင်းဒဏ်ခံခဲ့ရ

ကျောက်မီးသွေးတန်ချိန် ၆၁၀၀ တင်ဆောင်လာသော အမ်ဗီချောင်ယွန်းအမည်ရှိ ကုန်တင်သင်္ဘောသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်၁၀နာရီ မိနစ် ၄၀က မုန်တိုင်းဒဏ်ခံခဲ့ရခြင်း ဖြစ်သည်။

အဆိုပါ ကုန်တင်သင်္ဘောမှ အကူအညီပေးရန် အချက်ပြတောင်းခံမှုကြောင့် ဒေါင်ဟိုင်ကယ်ဆယ်ရေးဗျူရိုက ကယ်ဆယ်ရေးအဖွဲ့ဝင်များစေလွှတ်ခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးရေယာဉ်များနှင့် ကယ်ဆယ်ရေး ရဟတ်ယာဉ်များက ထိုသင်္ဘောမှ သင်္ဘောသား ၁၆ဦးကို ကယ်ဆယ်ခဲ့ခြင်း ဖြစ်သည်။

အခက်အခဲ

ကယ်ဆယ်ရေးဆောင်ရွက်ရာတွင်လည်း ရာသီဥတု ဆိုးရွားမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း အဆိုပါ ကယ်ဆယ်ရေး ဗျူရိုက ပြောကြားသည်။ **(အင်တာနက်)**

စပိန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

မက်ဒရစ် မတ် ၃

စပိန်နိုင်ငံ ဘတ်ကွီစီရင်စုတွင်ရှိသော ဘဏ်တစ်ခုသို့သွားသည့်လမ်းတွင် ဖေဖော်ဝါရီ ၂၆ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အရပ်သားနှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ပြည်တွင်းမီဒီယာများက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက ဘဏ်အနီး ရှာဖွေရာ ဓာတ်ငွေ့ပုလင်းတစ်ပုလင်းကို တွေ့ရှိခဲ့ရပြီး ယင်းဓာတ်ငွေ့ ပုလင်းသည် ဗုံးပေါက်ကွဲမှုနှင့် ဆက်စပ်လျက်ရှိသည်ဟု ရဲတပ်ဖွဲ့က ယူဆလျက်ရှိသည်။

ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးမှုအနည်းငယ်သာရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက အကူအညီပေးရန် ဘဏ်အဆောက်အအုံဝန်းကျင်တွင် ရောက်ရှိနေကြကြောင်း စပိန်အသံလွှင့်ဌာနက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ဗုံးပေါက်ကွဲမှု၏ နောက်ဆက်တွဲတွင် မည်သူရှိသည်ကို သေချာစွာ မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြည့်ရှုသူတို့ဘဝင်စွဲငြိစေမည့် ပန်းချီပြပွဲသို့တစ်ခေါက်

သတင်းမိတ်ဆက်-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၃

လောကနတ်ပန်းချီပြခန်းအဝင်မှာပင် ပန်းချီပြပွဲ၏ အမည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။ Tear's Color ပန်းချီပြခန်းအတွင်း လှမ်းဝင်လိုက်စဉ် အရောင်အသွေးစုံလင်သော၊ တင်ပြပုံ ဆန်းသစ်သော၊ လက်ရာသေသပ် ပြောင်မြောက်သော ပန်းချီကားများက ဖမ်းစားလိုက်လေသည်။

ခင်းကျင်းပြသ

မန္တလေးယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီ) ဘွဲ့ရကျောင်းသား လူငယ်လေးများ၏ ဆန်းသစ်သော လက်ရာ ပန်းချီကားပေါင်း ၅၄ ချပ်ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် မတ် ၁ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

၅၄ ကား

ပန်းချီကားပေါင်း ၅၄ ကားပြသထားပြီး အခရိုင်းလစ်ပန်းချီကား ၃၆ ကား၊ ဆီဆေး ပန်းချီကား ကိုးကား၊ ရေဆေးရုစ်ကားနှင့် ခဲပန်းချီကား တစ်ကားတို့ပါဝင်သည်။ ပန်းချီကားအားလုံး စိတ်ကိုသိမ်းကျုံးဆွဲငင်နိုင်စွမ်းရှိရာ **"နံနက်စာ"**ဟု အမည်ပေးထားသော အင်ဂါဥုး၏ ဆီဆေးပန်းချီကားမှာဆွဲဆောင်အားကောင်းလှသည်။

နံနက်စာ

"နံနက်စာ"ပန်းချီကားချပ်မှာ ဆီဆေးပန်းချီကားဖြစ်ပြီး အစိမ်းရောင်ကိုအဓိကအားပြုကာ အခြား ရောင်စုံများနှင့် ခြယ်မှုန်းထားခြင်း ဖြစ်သည်။ ပုံမှာ ကြက်တူရွေးလေးတစ်ကောင်၏ ပင်ကိုသဘာဝအတိုင်း နံနက်စာအဖြစ် သစ်သီးများကို စားနေသည့်ပုံဖြစ်သည်။ ကျေးငှက်တိရစ္ဆာန်များကို ချစ်မြတ်နိုးသူများအတွက် ချစ်စရာ အရောင်အသွေးဖြင့်ကြက်တူရွေးလေး တစ်ကောင်၏ သဘာဝအနေအထားအတိုင်း အရောင်များကို စနစ်တကျသုံးကာ ရေးဆွဲထားခြင်းသည် အမြင်အာရုံကို စွဲထင်စေသည်။

ဝမ်းစာ

မန္တလေးယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီ)ဘွဲ့ကို ပူပူနွေးနွေးရရှိထားသည့် ဘိုဘိုကိုဦး၏**"ဝမ်းစာ"**အမည်ရှိ ဘဝသရုပ်ဖော်ပန်းချီကားမှာလည်း မျက်စိကမခွာချင်စရာပင်၊ ပန်းချီကားတွင် ရေလုပ်သားတို့၏ တစ်နေ့တာလုပ်ငန်းအတွက် ပင်လယ်ပြင်ထွက်ရန် ပြင်ဆင်နေသောပုံဖြစ်ပြီး၊ လှေများနှင့် ပင်လယ်ရေပြင်ကို အရောင်များဖြင့်လိုက်ဖက်ညီညီ ရေးဆွဲထားခြင်းဖြစ်သည်။ လှေများကို ရေးဆွဲရာတွင် ရုပ်လုံးကြွလျက်ရှိပြီး တကယ့်လှေအစစ်များလားဟုပင် ထင်မှတ်စရာဖြစ်ရသည့် ပန်းချီကားဖြစ်သည်။ စုတ်ချက်များကို ပိုင်နိုင်ကျွမ်းကျင်စွာဖြင့် ရေးဆွဲထားပြီး ပင်လယ်ရေပြင်ကို အရောင်ဖြင့်သာ ပြသထားသည်မှာလည်း ရိုးစင်းသော်လည်း အမြင်ဆန်းသည့် လက်ရာပင်ဖြစ်သည်။

ထို့အပြင် (မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ပန်းချီ)တတိယနှစ်ကျောင်းသား ကျော်ဟန်ထွန်း၏ **"ပုံပျက်နေသော အရာဝတ္ထု"** ပန်းချီကားမှာ တင်ပြပုံဆန်းသစ်သည်။

နုနယ်ပျိုမျစ်သော ပန်းချီကား ပညာရှင်လေးများကိုတွေ့မြင်ရသည်မှာ တက်ကြွအားရစရာပင်ဖြစ်သည်။ မိမိရေးဆွဲထားသော ပန်းချီကားနှင့်ပတ်သက်ပြီး ကျွမ်းကျင်နိုင်နင်းစွာ ရှင်းပြနေသည်မှာလည်း ပိုင်နိုင်နံ့စပ်မှုကို ပြသလျက်ရှိသည်။

"ဟာမိုနီကိုရှာဖွေခြင်း" အမည်ရှိ ပန်းချီကားကို အင်ဂါဥုးကရေးဆွဲထားပြီး ပန်းချီ၏ အခြေခံအရောင်များဖြစ်သော ဝါနီပြာသုံးရောင်ကို အဓိကထားပြီး ရောင်စုံအသုံးပြုရေးဆွဲထားခြင်းဖြစ်သည်။

မတူညီသော ဒြပ်ရှိဒြပ်မဲ့များတွင် ကြောင်လေးတစ်ကောင်က သူနှင့်လိုက်လျောညီထွေရှိမည့် ကြောင်မလေးကို ရှာဖွေကြည့်ရှုနေသည့်ပုံကို စိတ်ကူးကောင်းကောင်း၊ တင်ပြပုံထိထိမိမိနှင့် ကြည့်ရှုသူကို ဘဝင်ငြိစေမည့် ပန်းချီကားတစ်ချပ်ပင်။

မန္တလေးယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီဘွဲ့ရ လူငယ်တစ်ဦးဖြစ်သည့် ကိုကိုလွင်၏ **"ငိုခြင်း"**အမည်ရှိ ပန်းချီကားမှာလည်း အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး လူတစ်ယောက်၏ စိတ်ခံစားမှုကို ဖော်ထုတ်ခြယ်မှုန်းထားသည့် လက်ရာကောင်းပန်းချီကားဖြစ်သည်။ အရောင်လေးမျိုးကို အခြေခံထားရေးဆွဲကာ မိမိစိတ်ကူးကို အရောင်များဖြင့် တင်ပြထားခြင်းဖြစ်သည်။ စိတ်ကူးကောင်းသဖြင့် အမြင်ဆန်းသစ်ကာ ရင်ကိုစွဲငြိစေသည့်ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

"Tear's Color" ပန်းချီပြပွဲသည် မန္တလေးယဉ်ကျေးမှု တက္ကသိုလ်ဘွဲ့ရကျောင်းသားကိုးဦး၏ လက်ရာကောင်းများဖြစ်ပြီး ပြပွဲလာ ပရိသတ်များကို ဘဝင်စွဲငြိစေမည့် လက်ရာမွန်များဖြစ်သည့်အပြင် အနာဂတ် ပန်းချီဆရာလေးများ၏ ဆန်းသစ်သော ပထမခြေလှမ်းဖြစ်ပါကြောင်း သတင်းမိတ်ဆက်ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဝမ်းစာ ပန်းချီကား

ဘိုဘိုကိုဦး ရေးဆွဲထားသည့် "ဝမ်းစာ" အမည်ရှိ ပန်းချီကားကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး၊ မြန်မာ့အလင်း)

မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားများ ပန်းချီပြပွဲ လောကနတ်၌ ခင်းကျင်းပြသ

ရန်ကုန် မတ် ၃

မန္တလေးယဉ်ကျေးမှုတက္ကသိုလ် ဘွဲ့ရကျောင်းသား ကိုးဦး၏ Tear's Color အမည်ရှိ ပန်းချီပြပွဲကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်အနုပညာခန်းမ၌ မတ် ၁ ရက်မှ ၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတာဝန်ခံ ဦးသိန်းဇော် MDY စီစဉ်မှုဖြင့် အင်ဂါဥုး၊ ကိုကိုလွင်၊ အောင်မျိုးထွန်း၊ ဘိုဘိုကိုဦး၊ သိန်းလှိုင်၊ သူရငွေး၊ နေဇော်၊ မျိုးအောင်၊ ကျော်ဟန်ထွန်းတို့မှ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသည့် မော်ဒန်၊ သဘာဝရှုခင်းပန်းချီကား ၅၀ ကျော်တို့ကို ခင်းကျင်းပြသထားရာ စိတ်ပါဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒေါ်လာ ၁၆ သန်းတန် ပြိုင်မြင်း

ပြိုင်ပွဲမဝင်ရသေးသောနှစ်နှစ်သား အရွယ်မြင်းထီးတစ်ကောင်**(အောက်ပုံ)**ကို အမေရိကန်နိုင်ငံ မီယာမီရှိ မြင်းလေ့ကျင့်ရေးစခန်းတစ်ခု၌ လေလံတင်ရောင်းချရေးအဖွဲ့ ဒီမီအိုဘိုင်းနီက လေလံတင်ရောင်းချရာ ကမ္ဘာ့အမြင့်ဆုံးဈေး ဒေါ်လာ ၁၆ သန်းရရှိသွားခဲ့ကြောင်း သိရသည်။

စံချိန်တင်

ယင်းပြိုင်မြင်းလေးကို အိုင်ယာလန်မှ ဂျွန်မက်ဂနီယာနှင့် မိုက်ကယ်တာဘာတို့ ဦးဆောင်သော အဖွဲ့တစ်ဖွဲ့က ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ မတ် ၂ ရက်က ရောင်းချလိုက်သော အဆိုပါမြင်းသည် ၁၉၈၀ ပြည့်လွန်နှစ်များက ရောင်းချခဲ့သည့် ပြိုင်မြင်း၏ အရောင်းရဆုံး စံချိန်ကို ချိုးလိုက်သည်။ ယင်း၏ အရောင်းစံချိန်မှာ ဒေါ်လာ ၁၃ ဒသမ ၁ သန်းဖြစ်သည်။

ကိုးကားချက်-အင်တာနက်

အင်တာနက်အသုံးပြုသူ တိုးပွားလာသောတရုတ်ပြည်

တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူဦးရေ တိုးတက်များပြားလာလျက်ရှိရာ မကြာမီအချိန်အတွင်း ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲမှု အများဆုံးနိုင်ငံအဖြစ် ရောက်ရှိတော့မည်ဖြစ်သည်။

အင်တာနက်ကဖေး

တရုတ်နိုင်ငံရှိ လူငယ်များအနေဖြင့် တရုတ်နိုင်ငံမြို့ကြီးများဖြစ်သော ရှန်ဟိုင်း၊ ပေကျင်းနှင့် အခြားမြို့ကြီးတွင်ရှိသော အင်တာနက်ကဖေးများတွင် အချိန်တိုင်းနီးပါး ပြည့်ကျပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

အိုင်တီဈေးကွက်

တရုတ်နိုင်ငံ၏ ကွန်ပျူတာသုံးစွဲနိုင်သည့် လူငယ်များမှာ သန်းပေါင်းများစွာရှိနေရာ ကွန်ပျူတာနှင့် အင်တာနက်သုံးစွဲမှုများပြားသည့် တရုတ်နိုင်ငံ၏ အိုင်တီဈေးကွက်သည်လည်း ကြီးမားကျယ်ပြန့်လာလျက်ရှိသည်။

ကိုးကားချက်-အင်တာနက်

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ရှေးနှစ်ပေါင်းများစွာက ရုပ်တု

မက္ကဆီကိုနိုင်ငံတွင်ရှာဖွေတွေ့ရှိခဲ့ရသည့်ရှေးဟောင်းရုပ်တုတစ်ခုဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါရုပ်တုကို မက္ကဆီကိုနိုင်ငံတွင် ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးတစ်ဦး၏ ရုပ်တုတစ်ခုဖြစ်သည်။ ၎င်းရုပ်တုမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရုပ်တုတစ်ခုဖြစ်ကြောင်း သိရပြီး နှစ်အတိအကျသိရှိရန် သုတေသနပညာရှင်များ စေ့ငုလျက်ရှိသည်။ **ကိုးကားချက်-အင်တာနက်**



ကမ္ဘာ့အရှည်ဆုံးပုတီးလည်ဆွဲ

ကမ္ဘာ့အရှည်လျားဆုံး ပုတီးလည်ဆွဲတစ်ခုကို ပြုလုပ်သူနှစ်ဦးက ပြသပုံဖြစ်သည်။ **(အပေါ်ပုံ)**

အမေရိကန်နိုင်ငံ နယူးအော့လင်းစ်မြို့တွင် လူငယ်နှစ်ဦးက အရှည်ပေ ၅၀၀၀ ရှိသော ပုတီးလည်ဆွဲကြီးတစ်ခု ပြုလုပ်ခဲ့ရာ အဆိုပါ ပုတီးလည်ဆွဲကြီးသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံး ပုတီးလည်ဆွဲကြီးတစ်ခုအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကားချက်-အင်တာနက်

၂၀၀၆ခုနှစ် (၆၁)ကြိမ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲဆုရရှိသူများ စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၃

၁။ ၂၀၀၆ခုနှစ် မတ်၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်—

(က) ကဗျာရှည်အဆင့်(၁)

- (၁) ပထမဆု။ တက္ကသိုလ်မောင်သန့်စင်၏ "လမင်းနိုင်ငံ"
- (၂) ဒုတိယဆု။ တင့်ထွန်း(ချောက်)၏ "အမျိုးသားရေး ခင်မွေ့ အဘိုးမြေး ခြသေ့်"
- (၃) တတိယဆု။ မျိုးစစ်သည်၏ "အားဆယ်တန်ဂုဏ်အစွမ်းနှင့် ခြုံလွှမ်းခဲ့သော တပ်မတော်"
- (၄) အထူးဆု(၁)။ စွမ်းဝေ(ဇီးကုန်း)၏ "ရွှေမြေတစ်ခေတ် ရွှေပြည်သစ် ပြည်ချစ်ပန်းများ မွေးတော့သည်"
- (၅) အထူးဆု(၂)။ မောင်သက်နှင်း(မ/ဉ)၏ "မျိုးရိုးနှင့် ရာဇဝင်မော်ကွန်းတည်"

(ခ) ကဗျာတိုအဆင့်(၁)

- (၁) ပထမဆု။ ပုဏ္ဏဝတီတင့်နှောင်း၏ "မော်ကွန်းအလှ ဖော်ညွှန်းကြ တက်ကြွညီညီ တို့ရွှေပြည်"
- (၂) ဒုတိယဆု။ မစောဣန္ဒာသက်မောင်၏ "ပြည်သူကွန်းခို မြရိပ်ညို"
- (၃) တတိယဆု။ ရွှေညာသားမြတ်မင်း၏ "စည်းလုံးချစ်ကြည် နိုင်ငံတော်သစ်ဆီ"
- (၄) အထူးဆု(၁)။ မောင်ဘုန်းဝေ(တောင်ကုတ်)၏ "ဦးညွှတ်ယုံကြည် ဂုဏ်ရည်မြင့်မော် မြန်မာ့တပ်မတော်"
- (၅) အထူးဆု(၂)။ မျိုးခိုင်(မူဆယ်)၏ "သမိုင်းတစ်ခေတ် ထုဆစ်ပုံဖော် တပ်မတော်"
- (၆) အထူးဆု(၃)။ မောင်သန့်ဇင်၏ "ပန်းတစ်ခင်း၏ သင်းပျံ့ဂုဏ်ရည်"
- (၇) အထူးဆု(၄)။ သူဇာနွယ်(ဖျာပုံ)၏ "ထွန်းပြောင်မှတ်တမ်း သမိုင်းလမ်း"

(ဂ) ကဗျာရှည်အဆင့်(၂)

- (၁) ပထမဆု။ မောင်သာမာန်၏ "ဗိဇမှန်ကန် မျိုးထက်သန် ထိုက်တန်မော်ကွန်း ဂုဏ်တင်မွှန်း"
- (၂) ဒုတိယဆု။ မင်းသွေးနွယ်(ဇီးကုန်း)၏ "ရွှေနိုင်ငံ ရွှေကမ္ဘည်းနှင့် ရွှေခရီး ရွှေပန်းတိုင်"
- (၃) တတိယဆု။ ရွှင်လန်း၏ "အနာဂတ်၏ ရွှေရောင်လမ်း"
- (၄) အထူးဆု(၁)။ မောင်စိုးထိုက်(သုံးဆယ်)၏ "စိတ်ထားစိတ်ဓာတ် မြင့်မြတ်ဂုဏ်ရည် မြန်မာပြည်ဖွား စစ်သားတို့သည်"
- (၅) အထူးဆု(၂)။ မောင်သီတာ(အသုတ်)၏ "အနာဂတ်လမ်းစဉ် မော်ကွန်းတင် ဖြူစင်နှလုံးသား စွမ်းရည်များ"
- (၆) အထူးဆု(၃)။ ဟန်သိန်းသာ(တိတ်ပု)၏ "ကြီးမားဂုဏ်ရည် စဉ်လာညီသော ပြည်သူ့အတွက် တပ်မတော်"
- (၇) အထူးဆု(၄)။ ဘုန်းရဲနိုင်(ဂန့်ဂေါ)၏ "သားချစ်တွေ အားသစ်စေ ဓားထက်လေ"

(ဃ) ကဗျာတိုအဆင့်(၂)

- (၁) ပထမဆု။ မေသက်နွယ်ဦး၏ "တွေးအယူတူမျှ ဖေးကူထူမ အေးလူကြူမြ ပြည်သစ်လမ်း"
- (၂) ဒုတိယဆု။ မောင်တင်ထွန်း(ကန်သာလေး)၏ "ရွှေခေတ် ရွှေနိုင်ငံ ရွှေမော်ကွန်း"
- (၃) တတိယဆု။ အောင်ခြိမ့်မိုး၏ "မြန်မာပြည် ကာကွယ်မည်"
- (၄) အထူးဆု(၁)။ သိုက်နွယ်၏ "ပေါင်းစုလက်နှင့် တောင်းဆုခြွေသည်"
- (၅) အထူးဆု(၂)။ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏ "ရွှေပြည်တော်သစ်ဆီသို့"
- (၆) အထူးဆု(၃)။ ဇလွန်မောင်စိမ်းအောင်၏ "ဖန်တီးရှင်အစစ် လမ်းထွင်သစ်၊ ထုဆစ်ပုံဖော် တပ်မတော်"
- (၇) အထူးဆု(၄)။ မြင့်(ရွှေဘို)၏ "တပ်မတော်အင်အား ပြည့်အင်အား ဝင့်ကြွားဂုဏ်ရည် သက်သေတည်"
- (၈) အထူးဆု(၅)။ မုန်းမုန်းမင်း(မိုးညှင်း)၏ "ဘက်စုံဖွံ့ဖြိုး ရှေ့သို့တိုးမည် ပြည်ကျိုးဆောင်ဖော် တပ်မတော်"
- (၉) အထူးဆု(၆)။ မြသီဂီ၏ "ပြည်သူ့စစ်သည်တော်"
- (၁၀) အထူးဆု(၇)။ အင်ဆူး(စွမ်းအင်)၏ "ရွှေပြည်သစ်ဆီ မျှော်ရည်မှန်း"
- (၁၁) အထူးဆု(၈)။ သလ္လာမြေ ရင်ငြိမ်းပန်း၏ "အောင်ပွဲခံယူ အောင်လံထူ တို့ပြည်သူနှင့် တို့တပ်မတော်"

၂။ ဆုရရှိသူများအားလုံးသည် ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ စာပေဗိမာန် ၅၂၉/၅၃၀ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂ ရန်ကုန်မြို့သို့ အမြန်ဆက်သွယ်အကြောင်းကြားရန် ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးအဖွဲ့ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသူလေးများကို အားပေးစကားပြောကြား အစားအသောက်၊အသုံးအဆောင်ပစ္စည်းနှင့်ဆေးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသူလေးများကို အားပေးစကား ပြောကြားခြင်း၊ အစားအသောက်၊အာဟာရ၊အသုံးအဆောင်ပစ္စည်းများနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၂၃ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်၄၉ မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း(ရန်ကုန်)၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းကြည်က ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသူများအတွက် စာမေးပွဲဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားပေးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသူ ၁၆ဦးအား အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာရှင် အတတ်ပညာရှင် ပါမောက္ခ ဒေါ်ကြည်ကြည်အောင်က စာမေးပွဲဖြေဆိုရာတွင် လိုက်နာရမည့် ဆောင်ရန်/ရှောင်ရန် အချက်များကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးက စာမေးပွဲဖြေဆိုရန်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်အချက်များကို လည်းကောင်း ပညာပေး အားပေးစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသူလေးများအတွက် စုစုပေါင်း ငွေကျပ် တစ်သိန်း ခုနစ်သောင်းကျော် တန်ဖိုးရှိ အစားအသောက်၊ အာဟာရ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာတော်ကြီးများပူဇော်ပွဲ တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက်တွင် တိပိဋကဓရ ဆရာတော်ကြီးများ ပူဇော်ပွဲကို မတ်၁၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲမတိုင်မီ မတ် ၅ရက်၌ ဆရာတော်ဦးသုန္ဒရ၊ ၆ရက်၌ ဦးဝံသပါလာလင်္ကာရ၊ ၇ရက်၌ ဦးဣန္ဒပါလ၊ ၈ ရက်၌ ဦးဂန္ဓမာလင်္ကာရ၊ ၉ရက်၌ ဦးသီလက္ခန္ဓာဘိဝံသ၊ ၁၀ရက်၌ ဦးကောဏ္ဍည၊ ၁၁ရက်၌ ဦးဣန္ဒာစရိယ၊ ၁၂ရက်၌ ဦးဝါယာမိန္ဒာဘိဝံသ၊ ၁၃ရက်၌ ဦးသိရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က နေ့စဉ် ည၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

အမှတ်(၉၀၂)(ဘီ) တက္ကသိုလ်ရိပ်မွန်အိမ်ရာ ဗဟန်းမြို့နယ်နေ ဗိုလ်မှူးကြီးဟန်တင်-ဒေါက်တာ ဒေါ်လှဲ့လှဲ့ဝင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ပဒေသာပင်နှင့် ခေတ်မီမျက်စိခွဲစိတ်ကိရိယာအတွက် ငွေကျပ် သုံးသိန်းသုံးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

သာသနာ့နုဂ္ဂဟဘွဲ့ခံပုဂ္ဂိုလ်များ ဖိတ်စာများထုတ်ယူနိုင်

ရန်ကုန် မတ် ၃

၁၃၆၇ခုနှစ် တပေါင်းလပြည့်နေ့ မတ် ၁၃ရက်(တနင်္လာနေ့)တွင် ကျင်းပမည့် ၂၀၀၆ခုနှစ်အတွက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်ပွဲသို့ တက်ရောက်၍ သာသနာ့နုဂ္ဂဟ ဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် မတ် ၉ရက်မှ ၁၁ရက်အထိ ဖိတ်စာများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ထံ လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားဖြင့်ဖြစ်စေ လက်ရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွယ်တော်ရတနာစေတီ တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၃

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲအောက်ဓာတ်စွယ်တော်ကို ပွားယူပင့်ဆောင်၍ တည်ထားကိုးကွယ်သော စွယ်တော် ရတနာစေတီပူဇော်ပွဲ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ မတ်၁၀ရက်၌ ဓမ္မစေတီ ဆရာတော် အရှင်ကေသလ္လ၊ ၁၁ ရက်၌ မဇ္ဈိမဂုဏ်ရည် ဆရာတော် အရှင်ကောဝိဒ၊ ၁၂ရက်၌ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ ၁၃ ရက်၌ ဓမ္မဒူတ ဆရာတော်အရှင်ဆေကိန္ဒ၊ ၁၄ရက်၌ ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတတို့က ညစဉ်၇နာရီမှစ၍ ပါဠိတက္ကသိုလ်၏ ညောင်တုန်းကျောင်းတိုက် ဇီဝိတဒါနသံဃာ့ဆေးရုံရှေ့ ရေခဲဆိုင်မှတ်တိုင် ဗဟန်းမြို့နယ်တွင် တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ မန္တလေးနှင့်အနီးအနားမြို့များမှ ဖမ်းယူကြည့်ရှုနိုင်ကြပြီ

ရန်ကုန် မတ် ၃

MRTV-4နှင့်ဆက်စပ်ရုပ်သံလိုင်းများကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ၁ရက်မှစတင်၍ စစ်ကိုင်းမြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ စမ်းသပ်ထုတ်လွှင့်ခဲ့ရာ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ အမရပူရမြို့၊ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ နွားထိုးကြီးမြို့၊ မြင်းခြံမြို့၊ ရေစကြိုမြို့၊ မအူ၊ ချောင်းဦး၊ မြင်းမူမြို့၊ မတ္တရာမြို့၊ စဉ့်ကူးမြို့၊ ရွှေဘိုမြို့များနှင့် အနီးတစ်ဝိုက်မှ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ မတ်၁ရက်မှစတင်၍ MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများကို ပုံမှန်ထုတ်လွှင့်နေပြီဖြစ်ခြင်းကြောင့် အထက်ပါမြို့များနေ၍ DVB-T ရီဆာဗာဖြင့် ဖမ်းယူကြည့်ရှုနိုင်ကြောင်းသိရှိရသည်။

MRTV-4နှင့်ဆက်စပ်ရုပ်သံလိုင်းများတွင် မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်များ၊ မြန်မာဗီဒီယိုဇာတ်ကားများကို ပြသသော 5-Movies လိုင်း၊ ကလေးများအတွက် ကာတွန်းကားများကို ပြသသော 5-Cartoons လိုင်း၊ အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပွဲများ၊ အက်ဖ်အေဖလားဘောလုံးပွဲများ၊ ချန်ပီယံလိဂ်ဘောလုံးပွဲများ၊ စီးရီးအေဘောလုံးပွဲများကိုပြသပေးသော 5-Sports လိုင်းများပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၃-၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေး မင်္ဂလာတေး
၇:၅၅	၅။	အကပြိုင်ပွဲ
၈:၁၀	၆။	ဆွာချောင်းရေလှောင်တမံ
၈:၂၀	၇။	အတီးပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာအရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ပြည်တွင်းသတင်းစဉ်
၁၂:၃၅	၆။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Docaemon"
၁၃:၀၅	၇။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၁၅	၈။	လောကနီတိ(အပိုင်း-၅) **"မေတ္တာအတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ"** ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ ခင်ဇာခြည်ကျော်၊ လင်းဇာနည်ဇော် (ဒါရိုက်တာ-ခင်ဇော်)
၁၄:၀၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၁၅	၁၀။	အာဂယောက်ျား မြန်မာပြည်ပတ်၍ စက်ဘီးစီးတဲ့ လူသားများ
၁၄:၂၅	၁၁။	အတီးပြိုင်ပွဲ
၁၄:၃၀	၁၂။	**"သတိနဲ့ယှဉ် အသိနဲ့မြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ အုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၃၅	၁၃။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၁၄:၄၅	၁၄။	International News.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၆:၅၀	၅။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃)ခုနှစ်
၁၇:၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၁၇:၁၅	၇။	တေးဂီတအစီအစဉ်
၁၇:၂၅	၈။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၃၀	၉။	တေးဂီတအစီအစဉ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု
၁၈:၅၀	၁၃။	အဆိုပြိုင်ပွဲ
၁၉:၀၅	၁၄။	(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းများ
၁၉:၂၀	၁၅။	အကပြိုင်ပွဲ
၁၉:၃၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၄၀	၁၇။	အတီးပြိုင်ပွဲ
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"**(အပိုင်း-၂၇)

ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သဲအိမ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် လုပ်ငန်းခွင်ရှုရပ်မှနေ၍ လုပ်ငန်းခွင်အတွင်း ယန္တရားအင်အားဖြင့် ဂဝံကြောမြေသားများကို တူးဖော်နေမှု၊ မြေထိန်းနံရံ သံကူကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဂဝံကျောက်ရိုးဖြည့်ခြင်းလုပ်ငန်းနှင့် မိုင်းခွဲရန် လွန်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဝင်ငွေတိုးတက်ရရှိစေမည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ကြရန်နှင့် နိုင်ငံသားတိုင်း ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ မရမ်းကုန်းရေထိန်းတံခါးသည် သထုံမြို့နယ် မရမ်းကုန်းကျေးရွာအနီးတွင်တည်ရှိ၍ ရေထိန်းတံခါးကို (၆ပေ X ၁၂ပေ)အရွယ်အစား ၁၅ပေါက်ဖြင့် တည်ဆောက်မည်ဖြစ်သည်။

ဝါးပါးရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် သထုံမြို့၏ အရှေ့ဘက်တစ်မိုင်ခွဲအကွာ သထုံ-မြိုင်ကလေးကားလမ်း မြောက်ဘက်တွင် တည်ဆောက်ထားသည့် ဝါးပါးရေလှောင်တမံသို့ ရောက်ရှိကြရာ ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်၌ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်က စီမံကိန်း၏ ရည်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပေးမြောင်းနှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

သောက်သုံးရေပေးဝေ

အဆိုပါ ဝါးပါးရေလှောင်တမံကို ၁၉၉၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၆ခုနှစ် မတ် ၁၅ရက်မှစတင်၍ သထုံမြို့သို့ သောက်သုံးရေ ပေးဝေခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ သထုံခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစည်းရိုးကြက်ဆူပျိုးပင်ပေါင်းတစ်သိန်း ပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ပျိုးဥယျာဉ်မြေကွက်လပ်၌ ခြစည်းရိုးကြက်ဆူကိုင်းပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ပျိုးထောင်စိုက်ပျိုး

ဆက်လက်၍ ပျိုးဥယျာဉ်အတွင်း၌ အစို့ဖောက်ခြစည်းရိုးကြက်ဆူပင်မျိုးစေ့များနှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် ပျိုးဥယျာဉ်နှင့် စိုက်ခင်းအတွင်းဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ခြစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးမှုနှင့် ပျိုးပင်များကို တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စိုက်ခင်းဧရိယာအတွင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့က ခင်းကျင်းပြသထားသော ခြစည်းရိုးကြက်ဆူစေ့မှ ကြိတ်ယူရရှိသည့် ဇီဝဒီဇယ်ကိုအသုံးပြု၍ လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ လယ်ထွန်စက်ကြီး၊ ကူဘိုတာရေစုပ်စက်၊ ဆီမီးခွက်၊ မီးအိမ်နှင့် မီးဖိုတို့၌ အသုံးပြုမောင်းနှင် ထွန်းညှိချက်ပြုတ်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ပေါင်မြို့နယ် လယ်မြေဧကတစ်သောင်းသီးထပ်စိုက်ပျိုးနိုင်မည် ဒေသခံပြည်သူတို့အတွက် ကတိုက်ရေလှောင်တမံတည်ဆောက်နေ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်တွင် တည်ရှိသော ကတိုက်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ဒေသအကျိုးပြု ရေလှောင်တမံဖြစ်သည်။

မွန်ပြည်နယ်အတွင်း ဆည်အစုအဖွဲ့များ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ကတိုက်ရေလှောင်တမံလည်း အပါအဝင်ဖြစ်သည်။ ကတိုက်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ရင်းငြိမ်ချောင်းအောက်ပိုင်း လယ်မြေများ ရေနစ်မြုပ်မှုမှ လျော့ပါးသက်သာပြီး လယ်မြေဧကတစ်သောင်း နွေစပါးနှင့် သီးထပ်စိုက်ပျိုးနိုင်စေရေး ရေပေးဝေနိုင်မည်ဖြစ်သည်။

ရေထုတ်ပြွန်နှစ်ခု

ကတိုက်ရေလှောင်တမံ၏ တည်ဆောက်မှုအနေအထားကိုကြည့်လျှင် ကတိုက်ချောင်းပေါ်တွင် အလျား ပေ ၅၂၀၀၊ အမြင့် ၁၃၄ ပေရှိသည့် မြေသားတမံကို တည်ဆောက်နေသကဲ့သို့ အလျားပေ၆၅၀ရှိသည့် ရေထုတ်ပြွန်နှစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

ထူးခြားချက်

ရေလှောင်တမံ၏ ထူးခြားချက်မှာ ရေသိုလှောင်ခြင်း၊ ရေဖြန့်ဝေပေးခြင်းသာမက ရေအားလျှပ်စစ်ပါ ထုတ်ယူနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ယခုအခါ ရေအားလျှပ်စစ်ရရှိရေးလုပ်ငန်းအဖြစ် သံမဏိပိုက်တပ်ဆင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

အကျိုးပြုနေပြီ

နိုင်ငံတော်က မွန်ပြည်နယ်၌ ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် အဇင်းရေလှောင်တမံ၊ ဝါးပါးရေလှောင်တမံ၊ ရွှေနတ်တောင်ရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ လယ်မြေဧက ၁၈၈၀၀ကို စိုက်ပျိုးရေးအတွက် အကျိုးပြုပေးလျက်ရှိကြသည်။

ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထား

ကတိုက်ရေလှောင်တမံစီမံကိန်း ပျိုးဥယျာဉ်အတွင်း ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှုကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြီးစီးမှု

ယခုတစ်ဖန် ကတိုက်ရေလှောင်တမံကို ထပ်မံတည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပေပြီ။ ကတိုက်ရေလှောင်တမံ၏ အကျိုးကျေးဇူးကို ကြည့်လျှင် မိုးရာသီ၌ လယ်မြေဧကခြောက်သောင်းခန့် ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ရေလှောင်ပမာဏ ဧကပေ ၅၆၀၀၀ ရှိသဖြင့် ရေလိုအပ်သည့်အချိန်တွင် လယ်မြေများကို အချိန်မရွေး ရေပေးဝေနိုင်တော့မည်ဖြစ်ပေသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး ကတိုက်ချောင်းပေါ်တွင်တည်ဆောက်ထားသော ရေဆင်းဧရိယာ ရှစ်စတုရန်းမိုင်၊ တမံအမြင့် ၁၃၄ပေ၊ တမံအလျား ပေ ၅၂၀၀၊ ရေပိုလွှဲအကျယ် ပေ ၆၀၊ ရေပိုလွှဲအလျား ပေ ၈၁၀ရှိ မြေသားတမံအမျိုးအစား ကတိုက်ရေလှောင်တမံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရေအားလျှပ်စစ်

ထို့အပြင် ရေလှောင်တမံ ရေထုတ်ပြွန်မှ အချင်းနှစ်ပေရှိသည့် ရေပိုက်မှ ထုတ်ပေးသော ရေအားဖြင့် ရေအားလျှပ်စစ်ကိုလည်း ထုတ်ပေးနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူတို့အတွက် ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

သို့ဖြစ်၍ ကတိုက်ရေလှောင်တမံသည် နိုင်ငံအကျိုးပြု၊ ပြည်နယ်အကျိုးပြု၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးစေမည့် ရေလှောင်တမံတစ်ခု ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းမှတ်စု-ကျော်စိန်

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မရမ်းကုန်း ရေထိန်းတံခါး တည်ဆောက်မှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သထုံမြို့နယ် မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုံသမိလျှပ်စစ်မြစ်ရေတင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာအနီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်နေသည့် ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လယ်မြေဧက ၉၀၀၀ကို နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် ရေတင်အဆင့်(၂)မှ လက်တံမြောင်းများဖြင့် ကြက်တူရွေးကျေးရွာသို့ စိုက်ပျိုးရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားပြီး ရှုရပ်မှနေ၍ ယန္တရားအင်အားဖြင့် ရေတင်အဆင့်(၁)နှင့် (၂)အကြားရှိ ပင်မတူးမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မြောင်းပေါင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကတိုက်ရေလှောင်တမံစီမံကိန်း

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ကတိုက်ကျေးရွာ အထက်နှစ်မိုင်ခန့်အကွာ၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသော ကတိုက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်အနီး ရှုရပ်မှနေ၍ ရော်ဘာ ၁၇ဧက စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာပင်များကို ယခုထက် ပိုမိုဧကတိုးချဲ့စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူအစေ့ပျိုးပင်၂၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကတိုက်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းဆိုင်ရာ အချက်အလက်တို့ကိုလည်းကောင်း၊ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က တမံတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဝိုင်းဝန်းကူညီ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တမံစီမံကိန်းလုပ်ငန်း ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

မေတ္တာဝတီဘိုးဘွားရိပ်သာ (သံတွဲမြို့)အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံတွင် ကျင်းပရာ ဦးထွန်းလှအောင်အားရည်စူး၍ ဒေါ်ကြန် (ဝိဇ္ဇာပညာထူးချွန်တံဆိပ်ပထမဆင့်)အား အမှူးထားပြီး ဒေါက်တာသန်းထွန်းအောင် မိသားစုက လှူဒါန်းငွေကျပ်သိန်းလေးဆယ့်ငါးသောင်းအတွက် ဘိုးဘွားရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လေးက ဆရာမကြီးဒေါ်ကြန်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အဆိုပါ ကတိုက်ရေလှောင်တမံသည် ကတိုက်ချောင်းပေါ်၌ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ရှစ်စတုရန်းမိုင်၊ တမံအမြင့် ၁၃၄ ပေ၊ တမံအလျား ပေ၅၂၀၀၊ ရေပိုလွှဲ အကျယ် ပေ၆၀၊ ရေပိုလွှဲ အလျား ပေ၈၁၀ ရှိသည်။

ကတိုက်ရေလှောင်တမံ၏ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာ ဧကပေ ၅၉၀၀၀ ဖြစ်ပြီး ကန်ရေပြည့်ရေပြင်အကျယ် ဧက ၉၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၆၀၀၀နှင့် ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၁၂၀၀ဖြစ်သည့် ရေလှောင်တမံပြီးစီးပါက ရင်းငြိမ်ချောင်းအောက်ပိုင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ သက်သာစေပြီး လယ်မြေဧက၁၀၀၀၀ကို နွေစပါးစိုက်ပျိုးရန်နှင့် သီးထပ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် သဲအိမ်ကျေးရွာရှိ ရွှေအလင်းရောင် စာကြည့်တိုက်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရွှေအလင်းရောင် စာကြည့်တိုက်သို့ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော တန်ဖိုးငွေကျပ် ၄၁၁၅၀ရှိ သုတ/ရသ စာအုပ်မျိုးစုံ ၂၅၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရွှေနိုင်ငံဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင် ဦးစောစိန်ဘွားက ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားစက်တစ်လုံးကိုလည်းကောင်း၊ ရန်ကုန်မြို့နေ အလှူရှင် ဦးစောစေးစေးက ပေးပို့လှူဒါန်းသော ငွေကျပ် ၁၉၅၀၀၀ တန်ဖိုးရှိ ဂြိုဟ်တုစလောင်းတစ်စုံကို အလှူရှင်ကိုယ်စား ဦးစောတင်လုံးက လည်းကောင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ လှူဒါန်းသော ငွေကျပ် ၈၄၃၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံ ၂၁ မျိုးနှင့် ဆေးခန်းသုံးဆေးဘူး သုံးဘူးတို့ကို ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးထွန်းမြင့်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာမှ တာဝန်ရှိသူများက လက်ခံကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ရွှေအလင်းရောင် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပေါင်မြို့နယ် သဲအိမ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိကြ၍ လူနာနားနေခန်းကို ကြည့်ရှုစစ်ဆေးပြီး သားဖွားလူနာရှင်အား တွေ့ဆုံအားပေးစကားပြောကြား၍ ဆေးဝါးစရိတ် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရင်းငြိမ်ရေထိန်းတံခါးစီမံကိန်းမှ သဲအိမ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ကွန်ပျူတာတစ်စုံကို အလှူရှင်များကိုယ်စားလည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်းအတွက် စာအုပ်နှင့်ဆပ်ပြာများကိုလည်းကောင်း၊ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကတိုက်ရေလှောင်တမံစီမံကိန်းမှ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ဂြိုဟ်တုစလောင်းတစ်စုံကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကတိုက်ရေလှောင်တမံစီမံကိန်းမှ ကျေးလက်ကျန်းမာရေးဌာနအတွက် လှူဒါန်းသည့် မီးစက်တစ်လုံးကိုလည်းကောင်း အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဖွံ့ဖြိုးတိုးတက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် သဲအိမ်ကျေးရွာသည် ယခင်ကထက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ အလားတူ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာလည်း တိုးတက်လျက်ရှိရာ ကတိုက်ရေလှောင်တမံတည်ဆောက်ပြီးစီးသွားပါက ယခုထက် ပိုမိုစည်ပင်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သဲအိမ်ကျေးရွာ၏ ရပ်မိရပ်ဖများဖြစ်ကြသော အသက်၉၀ အရွယ်ရှိ ဦးစောဟောက်ရွှေနှင့် ဦးစောဘော်တို့အား ထောက်ပံ့လှူဒါန်းငွေကျပ်တစ်သိန်းစီကို ပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် သဲအိမ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲများ

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (B.Sc. Phy) သည် မတ် ၁၆ရက်မှ ၂၂ရက်အထိ မွန်ပြည်နယ် ပေါင်မြို့နယ် အဖွဲ့ခွဲ(၂၄၃)၌လည်းကောင်း၊ ၂၄ရက်မှ ၃၀ရက်အထိ ပဲခူးတိုင်း ကမ်းနီ အဖွဲ့ခွဲ(၁၆၇)၌ လည်းကောင်း၊ ဧပြီ ၂ရက်မှ ၈ရက် အထိ ပန်းတနော် သရက်ငူ အဖွဲ့ခွဲ(၃၃၅)၌လည်းကောင်း၊ ၁၁ရက်မှ ၂၀ရက်အထိ တနင်္သာရီတိုင်း ထားဝယ်မြို့ အဖွဲ့ခွဲ (၁၅)၌လည်းကောင်း၊ ဧပြီ၂၇ရက်မှ မေ၃ရက်ထိ ပုပ္ပားမြို့၌လည်းကောင်း၊ မေ ၁၃ရက်မှ ၁၉ရက်အထိ ဥသျှစ်ပင်မြို့၌လည်းကောင်း ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် (၂၅)နှစ်မြောက် ငွေရတုသဘင်ပွဲ

ရန်ကုန် မတ် ၃

မုံရွာမြို့ အောင်ချမ်းသာရပ် သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး စတင်တည်ထောင်တော်မူသော မြင်းမူမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၏ (၂၅)နှစ်မြောက် ငွေရတုပွဲသဘင်ကို ၁၃၆၇ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်၊ ၅ရက် (မတ်၁၇၊ ၁၈ရက်)များတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်း တပည့်များနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြရန်နှင့် မြင်းမူမြို့ ဖုန်း-၀၇၁-၂၄၇၉၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပုသိမ်ခရိုင် ပြန်/ဆက်ရုံးနှင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရာခန့် လိုက်ပါလျက် မတ် ၁ ရက်တွင် ပုသိမ်မြို့ရှိ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး**(အပေါ်ပုံ)**နှင့် ပုသိမ်မြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် ကျေးရွာ၊ ရပ်ကွက်စာကြည့်တိုက်များ ဖွင့်လှစ်ပြီဆိုလျှင် တာဝန်ကျေပြီဟု သဘောမထားဘဲ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပြီးဆောင်ရွက်သွားကြရန် လိုကြောင်း၊ အခက်အခဲများရှိပါက မိမိတို့ဒေသရှိ သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရပ်ကွက်၊ ကျေးရွာများ၌ စာကြည့်တိုက်၏ အကျိုးကျေးဇူးကို သိရှိပြီ စာဖတ်သူများ တိုးပွားလာရေးအတွက် နည်းလမ်းများကြံဆဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်သူများသိသင့် သိထိုက်သည်များကို အချိန်မီသိရှိပြီး အကျိုးသက်ရောက်မှုများ လက်တွေ့ရရှိလာပါက မိမိတို့အပေါ် နယ်မြေလူထုက အားကိုးယုံကြည်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကိုလည်း အလေးထားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

သုတစွယ်စုံ စာပေဆု

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးကြပ်၍ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် ပထမအကြိမ် (၂၀၀၄ခုနှစ်အတွက်) သုတစွယ်စုံစာပေဆု ချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၄ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက–

"သုတစာပေ ရေးသားထုတ်ဝေ သူများသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားကိုသာ အဓိကမထားဘဲ နိုင်ငံနှင့်လူမျိုးအကျိုးကို စာပေဖြင့် အကျိုးပြုခြင်းဖြစ်ကြောင်း၊ သုတစာပေသည် အခြားစာပေများထက် အဆိပ်အတောက် ကင်းစင်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသဖြင့် နိုင်ငံတော်ကို ရာနှုန်းပြည့်အကျိုးပြုကြောင်း၊ ယခု သုတစွယ်စုံစာပေဆု ချီးမြှင့်ခြင်းသည် သုတစာပေရေးသားသူနှင့် ထုတ်ဝေသူများကို အားပေးမြှင့်တင်ပေးရာရောက်ပြီး သုတစာပေများဆက်လက်ရေးသား ထုတ်ဝေကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း" ပြောကြားသွားသည်။

သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုတစွယ်စုံတစ်သက်တာ စာပေဆုရ ဗိုလ်မှူးတင်မောင်(အငြိမ်းစား) (သိပ္ပံမှူးတင်)နှင့် **ကမ္ဘာကျော် အဆောက်အအုံများနှင့် တည်ဆောက်သူများ** စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(သုတသိပ္ပံ) ဆုရ စာရေးဆရာ လှိုင်သင်းတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သုတစွယ်စုံစာပေဆုရ စာရေးဆရာများဖြစ်ကြသော **သွားနှင့်ခံတွင်းအကြောင်းသိကောင်းစရာ** စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ)ဆုရ ဒေါက်တာမိုလာ၊ **တကောင်းမှ အသစ်တွေ့ရှိမှုပျူအထောက်အထားများ**စာအုပ်ဖြင့် သုတစွယ်စုံစာပေဆုရ(ဝိဇ္ဇာ)ဆုရ စာရေးဆရာချစ်စံဝင်းနှင့် **ရိုတ်သိမ်းချိန်လွန် မြို့ပြနှင့် အခြားလူမှုစီးပွား** အသုံးချဆောင်းပါးများ စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု(စာပဒေသာ)ဆုရ စာရေးဆရာ အောင်မောင်းတို့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)တို့က ဂုဏ်ပြုလွှာများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စာပေဆုများနှင့် စပ်လျဉ်း၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အမျိုးသားရေး ဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်များကို နိုင်ငံတော်က ဆုများချီးမြှင့်ပေးခဲ့သည်မှာ နှစ်ကာလအတော်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမျိုးသားစာပေဆုများ ချီးမြှင့်ခဲ့သည့် သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် ၁၉၆၂ခုနှစ်မှ စပြီး ချီးမြှင့်လာခဲ့သည်မှာ ၂၀၀၄ခုနှစ်အထိ ၄၀၆ဆု ရှိနေပြီဖြစ်သည်။

စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် ၁၉၆၉ခုနှစ်က စတင်၍ ဘာသာရပ် ၁၂မျိုးသတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ၂၀၀၄ခုနှစ်အထိ ဆုပေါင်း၆၃၁ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။ အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကိုမူ ၁၉၉၀ပြည့်နှစ်ကစတင်ပြီး၂၀၀၅ခုနှစ်အထိ ၁၆နှစ်တိုင်တိုင် ဆုများ စိစစ်ရွေးချယ်ချီးမြှင့်ခဲ့ရာ ဆုပေါင်း၃၃၆ဆု ချီးမြှင့်ခဲ့ပြီးဖြစ်ပေသည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ခုနှစ်က စတင်ပြီး တီထွင်ချီးမြှင့်လာခဲ့သည်မှာ ၂၀၀၄ခုနှစ်ထိ လေးနှစ်ရှိလာခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် ၁၉၉၂ခုနှစ်မှစတင်၍ ပခုက္ကူဦးအုံးဖေစာမူဆု၊ ထို့နောက် ဆရာဝန်တင်ရွှေစာပေဆုများ၊ ဓမ္မစာပေဆုများနှင့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်း အသီးသီးတို့၏ အခြားသော စာပေဆုများလည်း ရှိကြပါသည်။

မြန်မာနိုင်ငံတွင် ယင်းကဲ့သို့သော စာပေဆုများ များစွာပေါ်ထွန်းတီထွင် ချီးမြှင့်လျက်ရှိနေရာမှ ယခုအခါတွင် သုတစွယ်စုံစာပေဆုများ ခိုင်ခိုင်မာမာ ပေါ်ထွန်းလာခြင်းသည် စာရေးဆရာများ၊ သုတေသီပညာရှင်များနှင့် စာပေကျမ်းပြုစုသူ ပုဂ္ဂိုလ်များ၊ စာပေထုတ်ဝေသူများအတွက် "အချိုရှာသကာတွေ့"ဆိုစကားကဲ့သို့ ဝမ်းမြောက်ဖွယ်ရာ မင်္ဂလာသတင်းလည်း ဖြစ်လေသည်။

စိုးအောင် (တိုင်းရင်းဆေးသိပ္ပံ)

ဤဆုများအနက် အမျိုးသားစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆုများသည် ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်များကို စိစစ်ရွေးချယ် ဆုချီးမြှင့်ခြင်းဖြစ်ပြီး၊ စာပေဗိမာန်စာမူဆုများနှင့် ပခုက္ကူဦးအုံးဖေစာမူဆုများသည် ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးသော စာမူလက်ရာများကို ဆုချီးမြှင့်၍ စာအုပ်ထုတ်ဝေခြင်းဖြစ်သည်။ အဆိုပါဆုများသည် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ပါက အမျိုးသားစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ဆရာဝန်တင်ရွှေ စာပေဆုများ ရရှိနိုင်သော အခွင့်အလမ်းများလည်း ရှိပါသည်။

သုတစွယ်စုံစာပေဆုကို တီထွင်ချီးမြှင့်ခဲ့သည့် သုတစွယ်စုံစာအုပ်တိုက်သည် ၁၉၈၂ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ပညာပေးစာအုပ်များ ထုတ်ဝေခဲ့သည့်အပြင် ထိုနှစ်မှစ၍ သုတစွယ်စုံမဂ္ဂဇင်းကို ယခုလအထိ လစဉ်ပုံမှန်ထုတ်ဝေခဲ့ပါသည်။ ဆက်လက်၍ ၁၉၉၂ခုနှစ်တွင် အာရောဂျံကျန်းမာရေးမဂ္ဂဇင်းကို ထုတ်ဝေခဲ့ရာ ယင်းကိုလည်း ယနေ့တိုင် လစဉ်ပုံမှန်ထုတ်ဝေလျက် ရှိပါသည်။

တစ်ဖန် ၁၉၉၆ခုနှစ်မှစတင်၍ ပြည်မြန်မာသတင်းဂျာနယ်နှင့် သတင်းလွှာဂျာနယ်တို့ကို အပတ်စဉ်ထုတ်ဝေခဲ့ရာ ယခုဆိုလျှင် ပြည်မြန်မာသတင်းဂျာနယ်သည် ၁၀နှစ်ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ ၂၆–၁–၂၀၀၆ ရက်နေ့တွင် ဂျာနယ်အမှတ် ၅၀၀ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ပြည်တွင်းသတင်းဂျာနယ်မှတ်တိုင်တွင် သက်တမ်းအကြာဆုံးဂျာနယ်တစ်ခုဟု ဆိုနိုင်ပေသည်။ ထို့ပြင် ၂၀၀၆ခုနှစ်မှစ၍ (Good Health)ကျန်းမာရေးနှင့် အလှအပဂျာနယ်ကို စတင်ထုတ်ဝေခဲ့ပြီး ယနေ့အထိ အပတ်စဉ်ပုံမှန်ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ထို့မျှသာမက အား/ကာ(Sport) အားကစားမဂ္ဂဇင်းကိုလည်း အလျဉ်းသင့်သလို ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

သုတစွယ်စုံ စာအုပ်တိုက်အနေဖြင့် မူလက ပညာပေးစာအုပ်များ ထုတ်ဝေခဲ့သော်လည်း နောက်ပိုင်းတွင် မဂ္ဂဇင်းဂျာနယ်များ အပတ်စဉ်၊ လစဉ် ပုံမှန်ထုတ်ဝေခဲ့ခြင်းကြောင့် ပညာပေးစာအုပ်များ အသင့်အတင့်သာ ထုတ်ဖြစ်ခဲ့ပါသည်။ ပြည်သူများအတွက် ပညာပေး သုတစာပေများ၊ များစွာထွက်ပေါ်လာစေရန်နှင့် အခြားစာရေးဆရာများ ပိုမိုရေးသားကြ၍ အခြားထုတ်ဝေသူများ ပိုမိုထုတ်ဝေလာကြစေရန် ဆန္ဒပြင်းပြခဲ့ပါသည်။

စာပေဆုများ တိုးပွားလာခြင်းသည် စာရေးဆရာများ၏ စာအုပ်ကောင်းများအတွက် တစ်နည်းနည်းဖြင့် အသိအမှတ်ပြု ချီးမြှောက်ခြင်းခံရသော အခြေအနေများ ပေါ်ထွန်းလာနိုင်ပေသည်။ ဤသို့ဖြင့် သုတစွယ်စုံစာပေဆုများသည်လည်း စာရေးဆရာများ၊ ထုတ်ဝေသူများအတွက် တစ်နည်းတစ်ဖုံ အကျိုးရှိနိုင်စရာ၊ အားတက်စရာဖြစ်မည်ဟု ထင်မြင်မိပါသည်။

သို့ဖြစ်ပါ၍ ၂၄ နှစ်တိုင် ပညာပေးသုတစာပေမျိုးစုံ ဖွံ့ဖြိုးရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သုတစွယ်စုံစာအုပ်တိုက်အနေဖြင့် **သုတစွယ်စုံစာပေဆု**များ ချီးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ အောက်ဖော်ပြပါ ရည်ရွယ်ချက်သုံးရပ်နှင့်အညီ နှစ်စဉ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။

၁။ သုတစာပေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး မြန်မာစာပေလောက၏ အဆင့်အတန်း မြင့်မားလာစေရေးအတွက် တစ်နည်းတစ်ဖုံ အကျိုးပြုနိုင်စေရန်၊

၂။ သုတစာပေများ ပိုမိုထွန်းကားပြန့်ပွားလာစေပြီး ပြည်သူလူထုတွင် မှန်ကန်သော အသိပညာဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန်၊

၃။ သုတစာပေ ရေးသားပြုစုနေသော စာရေးဆရာများကို တတ်နိုင်သမျှ အားပေးချီးမြှင့်ရန်

ဟူ၍ ဖြစ်ပေသည်။ သုတစွယ်စုံစာပေဆု ချီးမြှင့်နိုင်ရန်အတွက် သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် စာပေပညာရှင်အချို့တို့ စုပေါင်းပါဝင်ဖွဲ့စည်းထားသည်။ ရွေးချယ်ရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရသော စနစ်မဟုတ်ဘဲ နှစ်စဉ် ဇန်နဝါရီလ ၁ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များကို အခြေခံ၍ ရွေးချယ်သည်။

တစ်နည်းအားဖြင့် ဆုရွေးချယ်ရေးအဖွဲ့က ရွေးချယ်မိုငြမ်းရသော စာအုပ်စာရင်းသည် အမျိုးသားစာပေဆုအတွက် ဖတ်ရှုရသော စာအုပ်များအနက် သုတစွယ်စုံနှင့် အကျုံးဝင်သော စာအုပ်များကို စိစစ်ရခြင်းဖြစ်သည်။ ထိုစာအုပ်များအနက်မှ အထက်တွင် ဖော်ပြခဲ့သော ရည်ရွယ်ချက်သုံးရပ်နှင့် ကိုက်ညီပြီး မျက်မှောက်စာပေလောက လိုအင်နှင့် ဆက်စပ်မည်၊ စာဖတ်သူများအတွက် ဖတ်သင့်သော စာပေလက်ရာများအဖြစ် အာရုံရောက်စေနိုင်မည်ဟု ဆုရွေးချယ်ရေးအဖွဲ့က ယူဆသော စာအုပ်များကို ရွေးချယ်ခြင်းပင်ဖြစ်သည်။

သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် သုတစာပေနှင့် ဆက်နွှယ်၍ တစ်သက်တာစာပေအကျိုးကို ထမ်းရွက်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် သုတစွယ်စုံ တစ်သက်တာစာပေဆုကို ရွေးချယ်ပါသည်။

သုတစွယ်စုံ စာပေဆုတို့မှာ သုတစွယ်စုံ တစ်သက်တာစာပေဆု၊ သုတစွယ်စုံ စာပေဆု(သုတသိပ္ပံ)၊ သုတစွယ်စုံစာပေဆု(အသုံးချသိပ္ပံ)၊ သုတစွယ်စုံစာပေဆု (ဝိဇ္ဇာ)နှင့် သုတစွယ်စုံစာပေဆု(စာပဒေသာ)ဟူ၍ ဖြစ်ကြသည်။ လာမည့်နှစ်များတွင် ယင်းဆု ငါးဆုအပြင် ဘာသာရပ်အလိုက် (ဥပမာ– ဘာသာပြန်၊ရည်ညွှန်းစာပေ စသည်ဖြင့်) စာအုပ်ကောင်းများရှိလျှင်ရှိသလို ဆုများကို တိုးချဲ့ချီးမြှင့်သွားရန် ရည်ရွယ်ထားကြောင်းလည်း သိရှိရသည်။

သို့ဖြစ်ရာ ၁၃၆၈ခုနှစ် နတ်တော်လရာသီ စာဆိုတော်နေ့ အထိမ်းအမှတ် ကာလတွင် **အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ သုတစွယ်စုံစာပေဆု၊ ပခုက္ကူဦးအုံးဖေစာမူဆု၊ ဆရာဝန်တင်ရွှေစာပေဆု** ချီးမြှင့်ပွဲများကျင်းပသည့်အခါ စာပေပန်းဥယျာဉ်ကြီး မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်လန်းလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် အမက (၂၃)တွင်၂၀၀၄–၂၀၀၅ ခုနှစ် ဘက်စုံ ပညာရည်ချွန် ဆုချီးမြှင့်ပွဲ ကျင်းပရာသူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆု၊ စတုတ္ထတန်း ဘက်စုံ ပထမဆုရ မောင်အော်လီဗာအား ကျောင်းအုပ်ဆရာကြီး ဦးမြအောင်က ဆုချီးမြှင့်စဉ်။

(၁၉၂)

ဖေဖော်ဝါရီ ၂၆ရက်က မရမ်းကုန်း မြို့ နယ် အ မှတ် (၁၇) အခြေခံ ပညာမူလတန်းကျောင်း မိဘဆရာအသင်း ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ ကျင်းပရာ ၂၀၀၅–၂၀၀၆ ပ ညာ သင် နှစ် စ တု တ္ထ တန်း မြို့နယ် ထူးချွန်ဆု ဒုတိယ ရရှိသော စတုတ္ထတန်း(ခ)မှ မောင်အောင်မင်းထွဋ်အား ကျောင်းအုပ်ဆရာကြီး ဦးမြသန်းက ဆုချီးမြှင့်စဉ်။

(က–ပ)

ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးပါဝင်ကြိုးပမ်း

ရန်ကုန် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၂၇ ရက်က မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြသည်။

မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးဦးဌေးဦးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ကို ဒေသနယ်မြေအလိုက် တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားပြီး **(အောက်ပုံ)** ဒေသဖွံ့ဖြိုးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးကိစ္စများကို ဆွေးနွေးကာ ပံ့ပိုးကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ကျင့်ဝတ်၊ ဝတ္တရားများနှင့်အညီ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ကြရန် လိုကြောင်း၊ အသင်းဝင်များသည် ပြည်သူလူထုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတွင် အသင်းဝင်တိုင်းက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေး

ထို့နောက် အသင်းဝင်များက ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ဆွေးနွေးတင်ပြကြရာ အထွေထွေအတွင်းရေးမှူး ဝန်ကြီးက ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်လည် တည်ဆောက်ရေး၊ ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင်၊ ရွှေပြား မျက်ပါးရွှေသင်္ကန်းတော်ကပ်လှူရေးအတွက် အမှတ်(၈၀)၊ ၂၉လမ်း ပန်းဘဲတန်းမြို့နယ်နေ S. Kanthaswamy K.Thanayee Son. K Gangatharanတို့က ကိုးလက်မပတ်လည် ရွှေစင်ရွှေသား တစ်ကျပ်သား တစ်ချပ်အတွက် ငွေကျပ် နှစ်သိန်းငါးသောင်းကို ဂေါပက အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၆(စနေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ နှင်းဆီပင်စိုက်ကြရအောင်
- ၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၇:၃၀ တေးဂီတအစီအစဉ်
- ၇:၃၅ လောကဥ္စာအကောင်းဆုံးသော အမွေ
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၀၅ ရွှင်လန်းတက်ကြွ မျိုးဆက်သစ် မော်ဒယ်အလှ
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ ကလေးများတွင် ဖြစ်တတ် သော သွားပိုးစားရောဂါ
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အပိုင်း(၁)
- ၉:၀၅ မိုးလေဝသခန့်မှန်းချက်
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅ ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(ဘဲမွေးမြူရေး)
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ Business Talk
- ၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၂၀ အကယ်၍သာ (မျိုးသန္တာထွန်း၊ ချစ်စနိုးဦး)
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ သီးနှံရောဂါများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ဗီစီဒီမိတ်ဆက် Valentine Love Songs(1)
- ၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၀ ရော်ဘာသစ်အလှ ပရိဘောဂ
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၅:၄၅	ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇:၁၀	West Brom-Chelsea	5-Sports(Live)
၉:၂၅	Newcastle-Bolton	5-Moves(Live)
	Fulham-Arsenal	5-Sports(Live)
	West Ham-Everton	5-Cartoons(Live)
၁၁:၃၀	Middlesbrough-Birmingham	5-Cartoons(SDD)
၁၁:၄၀	Liverpool-Charlton	5-Sports(Live)
၂:၀၀	Final Score	5-Sports(Live)

အာဒိကမ္မိကနိကာယဓွဇောတက တိပိဋကဓရဘွဲ့နှင့် နိကာယ်စာအောင်ထူးချွန်ဘွဲ့ရအရှင်မြတ်ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၃

နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၏ (၃၁)ကြိမ်မြောက် နိကာယ်ငါးရပ် စာပြန်ကျက်မေးပွဲကြီးမှ အာဒိကမ္မိကနိကာယဓွဇောတကတိပိဋကဓရဘွဲ့နှင့် နိကာယ်စာအောင်ထူးချွန်ဘွဲ့ရ အရှင်မြတ်တို့အား ပူဇော်ပွဲကိုယမန်နေ့ နံနက်ရနာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၌ ကျင်းပရာ ဩဝါဒါစရိယဆရာတော် ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ တေဇောဘာသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်က စာအောင်သံဃာပူဇော်ပွဲဆိုင်ရာကို လျှောက်ထား၍ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သီကျူးပူဇော်

ထို့နောက် အသင်းအမှုဆောင်များက အာဒိကမ္မိကနိကာယဓွဇောတက တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်အဘိဇာတာဘိဝံသ (စစ်ကိုင်း)၏ ထေရုပ္ပတ္တိကို ဖတ်ကြား၍ ဘွဲ့လက်မှတ်တော်၊ သာသနာ့အောင်လံတော်၊ လှူဖွယ်ပစ္စည်းများနှင့် ဩဝါဒါစရိယပူဇော်လွှာတို့ကို ဆက်ကပ်ကြပြီး မင်္ဂလာရတုပိုဒ်စုံတို့ဖြင့် သီကျူးပူဇော်ကြသည်။

ဘွဲ့လက်မှတ်တော်ဆက်ကပ်

ဆက်လက်၍ နိကာယဓွဇောတကဝိနယဓရ ဓမ္မတ္ထဝိသာရဒဘွဲ့ရ အရှင်စန္ဒသီရိ၊ နိကာယ ဓွဇောတက မူလအဘိဓမ္မိကဘွဲ့ရ အရှင်သုနန္ဒ၊ နိကာယဓွဇောတကဒီဃနိကာယ ဓမ္မာစရိယဘွဲ့ရ အရှင်ကုန္ဒက၊ အရှင်ဂမ္ဘီရဉာဏနှင့် အရှင်ဝိလာသတို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်ကြပြီး ဘွဲ့လက်မှတ်တော်များကို ဆက်ကပ်ကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိကာယ်ငါးရပ် စာပြန်ကျက်မေးပွဲအောင် သံဃာ၆၇ပါးတို့အား စာအောင်လက်မှတ်များကို ဆက်ကပ်ကြ၍ ငွေရတုပဒေသာပင် ငွေကျပ်တစ်သိန်းနှင့် အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး ဩဝါဒါစရိယ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုန္ဒရထံမှ ပရိသတ်တို့က ရေစက်ချတရားတော်နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းရဟန်းခံရှင်ပြုပွဲ

ရန်ကုန် မတ် ၃

မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် အောင်ဓမ္မာရုံကြီးမှ ကြီးမှူး ကျင်းပမည့် (၁၇)ကြိမ်မြောက် စုပေါင်း ဒုလ္လဘ၊ ရဟန်းခံရှင်ပြုပွဲကို ဧပြီ ရက်မှစ၍၂ရက်အထိ ဒုလ္လဘ၊ ရဟန်း အပါး ၇၀ကျော်ကို အမှတ်(၂)ရပ်ကွက် မဏိရတနာ ဘုန်းတော်ကြီးကျောင်း တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဒုလ္လဘရဟန်းတစ်ပါးလျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ကြပြီး လှူဒါန်းလိုပါက ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအုံးထွန်း ဖုန်း-၆၆၄၉၀၉နှင့် အတွင်းရေးမှူး ဦးဟန်ကြည် ဖုန်း-၆၆၇၅၉၁ တို့သို့ဆက်သွယ် လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ခြံစည်းရိုးကြက်ဆူစေ့ပျိုးပွဲကို မတ်၁ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး မြေကွက်လပ်တွင် ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းမြင့်နှင့် လူမှုရေးအဖွဲ့အစည်းဝင်များ မြေဩဇာအိတ်များအတွင်း ကြက်ဆူစေ့များ စုပေါင်းထည့်သွင်းပျိုးထောင်ကြစဉ်။ (၂၅၉)

ပေးအပ်လှူဒါန်း

မတ် ၁ရက်က သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမက(၅) သာကေတကျောင်းခန်းမတွင် စာပေဟောပြောပွဲနှင့်စာကြည့်တိုက်စာအုပ်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးအေးလှသိန်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဌေးထံ စာအုပ်များပေးအပ်လှူဒါန်းစဉ်။ (၂၅၈)

၂၀၀၆ ခုနှစ် မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားအပြီးတွင် MPGA နှင့် MGF ဥက္ကဋ္ဌနှင့် အတူ ဆုရ ဂေါက်သီးရိုက် အားကစားသမားများအား တွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

Myanmar PGA
&
Myanmar Golf Federation
President Cup

ရန်ကုန် မတ် ၃

မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar PGA and Myanmar Golf Federation President Cup 2006)၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ၁၀ မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ဆက်လက်ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Chalenge ပြိုင်ပွဲတွင် ပထမရရှိသော မနီနီဝင်း(ပဲခူးမြို့)အား ဆုချီးမြှင့်ပြီး၊ Kaung Myat Co.,Ltd. ဒါရိုက်တာ ဦးသိန်းတန်ဆွေက Amateur ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအား လည်းကောင်း၊ Hanthawaddy Golf and Country Club ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း) က Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ Kanbawza Bank Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဝင်းနိုင်က Amateur အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၄ ချက်ဖြင့် ပထမရရှိသော ဘိုဘို၊ စုစုပေါင်းရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း (သစ်တောရေးရာ)နှင့် စုစုပေါင်းရိုက်ချက် ၂၉၈ ချက်ဖြင့် တတိယရရှိသော နိုင်နိုင်လင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် ပထမရရှိသော အောင်ဝင်း (Srixon-YCDC)၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော နေလင်းထွန်း (Srixon) နှင့် စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၆ ခုနှစ် Myanmar PGA နှင့် MGF ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Professional Golfers ပြိုင်ပွဲတွင် ပထမဆုရရှိသွားသော အောင်ဝင်း (Srixon-YCDC)သည် ဆုကြေး ငွေကျပ်သိန်း ၃၀ ကို ဆွတ်ခူးရရှိသွားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် Myanmar PGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က ကျေးဇူးတင်စကားပြောကြားပြီး Hanthawaddy Golf and Country Club အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)က လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Official Bank အဖြစ် KBZ Bank Ltd.၊ Official Golf Equipment အဖြစ် KM Golf Centre၊ Official Drinking Water အဖြစ် Imperial Jade Purified Drinking Water၊ Air Bagan Ltd.၊ Grand Royal Special Reserve၊ Myanmar Brewery Ltd.၊ Eden Group Co., Ltd.၊ Hanthawaddy Golf and Country Club၊ Srixon တို့က အသီးသီး ပါဝင်ကူညီကြကာ Hole-in-One Sponsor အဖြစ် Taunggyi Gem-Master Enterprises Ltd. ကဖြစ်ပြီး ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့် ကမ္ဘောဇအသင်းတို့ အနိုင်ရရှိ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးဘောလုံး ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ပေးဇယား စတုတ္ထနေရာ၌ ရပ်တည်နေသော စွမ်းအင်အသင်းသည် အတန်းဆင်းဇုန်မှ လယ်ယာ/ဆည်မြောင်းအသင်းကို ပထမပိုင်း၌ တစ်ဂိုး၊ ဒုတိယပိုင်း၌ နှစ်ဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စွမ်းအင်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် နိုင်ဝင်းကလည်းကောင်း၊ ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၇၇ မိနစ်နှင့် ၈၃ မိနစ်တွင် ဝေယံမောင်ကလည်းကောင်း သွင်းယူပေးသည်။

ယနေ့ပွဲစဉ်အပြီးတွင် စွမ်းအင်အသင်းက (၁၃)ပွဲကစား ၂၇ မှတ်ဖြင့် တတိယနေရာ၌လည်းကောင်း၊ လယ်ယာ/ဆည်မြောင်းအသင်းက (၁၃)ပွဲကစား ၁၀ မှတ်ဖြင့် အဆင့် ၁၃ ၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ကမ္ဘောဇနိုင်

လှူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပြည်ထဲရေးအသင်းနှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကမ္ဘောဇအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းတွင် တိုက်စစ်မှူး ထွန်းမင်းဦးက သွင်းယူပေးသည်။

ယနေ့ပွဲစဉ်အပြီးတွင် ကမ္ဘောဇအသင်းက (၁၃)ပွဲကစား အမှတ် ၂၀ ဖြင့် အဆင့် ၆ ၌လည်းကောင်း၊ ပြည်ထဲရေးအသင်းက (၁၃)ပွဲကစား ၁၈ မှတ်ဖြင့် အဆင့် ၉ ၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

မတ် ၄ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် သစ်တောရေးရာအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဇအသင်းမှ ကျော်သီဟ(ယာ)၏ ထိုးဖောက်မှုကို ပြည်ထဲရေးအသင်းက ဖြတ်ယူရန် ကြိုးစားစဉ်။ (မြန်မာ့အလင်း)

မြို့နယ်သတင်းပဒေသာ

ရှင်ပင်သာထွန်းဦးဘုရား ဗုဒ္ဓပူဇနိယပွဲတော်

နွားထိုးကြီး ဖေဖော်ဝါရီ ၁၃

(၄၈)ကြိမ်မြောက် နွားထိုးကြီးမြို့ ရှင်ပင်သာထွန်းဦး မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော် (၂၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက ဘုရားရင်ပြင်တော်ပေါ်ရှိ နောင်တော်ကြီးဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပုညသိရီက ဩဝါဒစကားမြွက်ကြား၍ မြို့နယ်သာသနာရေးဦးစီးမှူး ဦးကျော်ဌေးနှင့် ဂေါပကဥက္ကဋ္ဌ ဦးအောင်သိန်းတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။ ထို့နောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆရာတော် သံဃာတော်များက ၁၀ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြသည်။ **(၂၁၃)**

အောင်ပန်း ရွှေပန်းတောင်းစေတီ ဆီမီးထွန်းညှိပူဇော်

အောင်ပန်း ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့ မြို့မပြင်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသိရီ(သာသနဓဇဓမ္မာစရိယ)၏ ဩဝါဒခံယူလျက် ဂေါပကအဖွဲ့ကဦးဆောင်ပြီး ရှေးဟောင်း ရွှေပန်းတောင်း ဆုတောင်းပြည့်စေတီတော်နှင့် ကျောင်းတိုက်အတွင်းရှိ စေတီတော်၊ ရုပ်ပွားဆင်းတုတော်များကို (၁၃)ကြိမ်မြောက် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲကို တပို့တွဲလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ (၀၉၆)

မီးဘေးကြိုတင်ကာကွယ်ရေး ကောလင်း၌ညှိနှိုင်း

ကောလင်း ဖေဖော်ဝါရီ ၁၅

ကောလင်းမြို့နယ် စည်ပင်သာယာဈေး၏ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်အရ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်စည်ပင်သာယာရေး ဈေးရုံးခန်းတွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်က အမှာစကားပြောကြားပြီး ဈေးခေါင်း ဦးကျော်သူဝင်းနှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးကြည်(မုန့်လုပ်ငန်း)တို့က နွေရာသီ ပွင့်လင်းကာလတွင် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ခေတ်မီဈေးသစ်တည်ဆောက်ရေး ဆွေးနွေးညှိနှိုင်းကြသည်။ **(၀၂၆)**

ညောင်ရွှေ၌ ရိုးရာထမနဲထိုးပြိုင်

ညောင်ရွှေ ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီက အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းဝင်း၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပရာ မြို့မ(၈)ရပ်ကွက်နှင့် ဌာနဆိုင်ရာ သုံးသင်းအပါအဝင် စုစုပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ (၀၂၇)

စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၂

ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး စာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ ၁/၂၀၀၆ ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ဂန့်ဂေါခရိုင် ကျောက်ထုမြို့ မီအယ်ကျေးရွာ ရာစုသစ်စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမနားယောနှင့် ရန်ကုန်မြို့မှ ဦးမြင့်ဦး(ခ) ဦးတင်ထွေးတို့က စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀ ကျော်ကို မီအယ်ရွာ ရာစုသစ်စာကြည့်တိုက်တာဝန်ခံ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဇော်မင်းထံ ပေးအပ်လှူဒါန်းသည်။ **(၂၇၃)**

ပေါင်မြို့၌ စာပေဟောပြော

ပေါင် ဖေဖော်ဝါရီ ၂၀

ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၁၃၆၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီက ပေါင်မြို့အထက ရွှေရတုခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသော နန္ဒာမိုးကြယ်၊ ချစ်ကိုကိုယု(နှလုံးလှလူမိုက်)နှင့် အသံတုကြယ်တစ်လုံးတို့က စာပေရေးရာများ ဟောပြောကြသည်။ (၂၆၀)

ကမ္ဘာတစ်လွှား အားကစား

အင်္ဂလိပ်ပရီမီယာရှစ် ဘောလုံးပွဲစဉ်များ ယနေ့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်

စုစည်းတင်ဆက်သူ

သတင်းထောက်-မြင့်စိုး

လန်ဒန် မတ် ၃

အင်္ဂလိပ် ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈) ပြိုင်ပွဲများကို မတ်၄ရက် (ယနေ့)တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အကြိတ်အနယ်ရှိမည့် ပွဲများမှာ ဝက်စ်ဘရွန်းနှင့်ချယ်လ်ဆီး၊ ဖူဟမ်နှင့် အာဆင်နယ်၊ လီဗာပူးနှင့်ချာလ်တန်၊ မန်ယူနှင့် ဝီဂန်၊ နယူးကာဆယ်နှင့် ဘော်လ်တန်တို့ပွဲများဖြစ်သည်။

ဆက်လက်ရှိနေ

ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲများသည် ဖလားရရေး မရရေးဆိုသည်ကို ဘောလုံးပရိသတ်များ စိတ်ဝင်စားမှု နည်းလာသော်လည်း ထိပ်ပိုင်း ၁၀ သင်း စာရင်းဝင်ထားကြသည့် အသင်းများအတွက်မူ အရေးကြီးနေသေးသည့် ပြိုင်ပွဲများအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

အိပ်မက်ပျက်ပြယ်

ထိပ်ပိုင်း ၁၀ သင်း စာရင်းတွင် ချယ်လ်ဆီးက ကျန်အသင်းများကို ၁၅မှတ်ဖြတ်ထားနိုင်ပြီဖြစ်၍ ဖလားရရှိရေး မျှော်မှန်းချက်မှာ သေချာသလောက်ရှိသည်။ သို့ရာတွင် မစ်ဒယ်ဘရော့နှင့် ပွဲစဉ်ကကဲ့သို့ ချယ်လ်ဆီးခြေချော်ခဲ့လျှင်မူ ချယ်လ်ဆီး၏ဖလားရရှိရေး မျှော်လင့်ချက် ပျက်ပြယ်သွားနိုင်သည်။

ထိပ်ပိုင်း ၁၀ သင်းအသင်းများ အနေဖြင့် ဖလားယှဉ်ပြိုင်လုရေး အရေးမကြီးသော်လည်း ချန်ပီယံလိဂ်၊ ချန်ပီယံလိဂ် ခြေစစ်ပွဲ၊ ယူအီးအက်ဖ်အေဖလား၊ အက်ဖ်အေဖလား၊ ကားလင်းဖလား ယှဉ်ပြိုင်ခွင့်ရရေးအတွက် ထိပ်ဆုံး နံပါတ်(၂)နေရာနှင့် နံပါတ်(၅) နေရာကြားအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကာ ယင်းတို့၏နေရာများကို ရယူကြပေလိမ့်မည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်

ချန်ပီယံလိဂ်နေရာအတွက်နံပါတ်(၁)နှင့်(၂)နေရာမှ အသင်းနှစ်သင်းသည် တိုက်ရိုက် နောက်ဆုံး ၁၆သင်းတွင် ပါဝင်ကစားခွင့် ရမည်ဖြစ်ပြီး နံပါတ်(၃)နှင့် (၄)နေရာအသင်းသည် ချန်ပီယံလိဂ် ခြေစစ်ပွဲဝင်ရမည့် နေရာများ ရရှိကြမည်ဖြစ်သည်။ နံပါတ်(၅) နေရာမှအသင်းသည် ယူအီးအက်ဖ်အေဖလား ယှဉ်ပြိုင်ခွင့်နေရာကို ရရှိပေလိမ့်မည်။

သို့ဖြစ်၍ ယင်းနေရာများအတွက် ထိပ်ပိုင်းအသင်းများ ဆက်လက်အနိုင်ရရှိရေးအတွက် အကြိတ်အနယ်ကစားကြလိမ့်မည်ဖြစ်သည်။

ထိုနည်းတူစွာပင် အမှတ်ပေးဇယား အောက်ဆုံးရောက်နေသော အသင်းများ၊ တန်းဆင်းဇုန်နှင့် နီးလာသော အသင်းများအနေဖြင့်လည်း မိမိတို့အသင်း တန်းမဆင်းရရေးအတွက် ရေကုန်ရေခန်းယှဉ်ပြိုင်ကစားကြပေလိမ့်မည်။

လက်ရှိအနေအထားအရ ချယ်လ်ဆီးအသင်းသည် နည်းပြ မော်ရင်ဟို ပေါ်တူဂီမှ ရောက်လာပြီးနောက် ပွဲဦးထွက် ပရီမီယာရှစ်ဖလားကို ယမန်နှစ်က ရယူပေးနိုင်ခဲ့သလို ယခုနှစ်တွင်လည်း ဒုတိယမြောက် ပရီမီယာရှစ်ဖလားကို ရယူရန် ချိန်ရွယ်နေသည်။ ချယ်လ်ဆီးအသင်းက အနှစ် ၅၀ အတွင်း ဒုတိယမြောက် ၎င်း၏ ပရီမီယာရှစ်ဖလားကို ဆက်လက်ထိန်းသိမ်းဖွယ် အနေအထားရှိနေသည်။

အောင်ပွဲအလံ

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သော သီတင်းပတ်က ပို့စ်မောက်အသင်းကို မိမိအိမ်ကွင်း၌ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ယခုသီတင်းပတ် ယနေ့တွင် ဝက်စ်ဘရွန်းကွင်းသို့ သွားရောက် ကစားရမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းမှ နာမည်ကြီးများဖြစ်ကြသည့် ဂျွန်တယ်ရီ၊ ဂျိုးကိုလ်၊ မိုက်ကယ်အက်ဆိန်း၊ ဖရန့်လမ်းပတ်၊ ရိုက်ဖီးလစ်၊ ဒရော့ဘာနှင့် ရော်ဘင်တို့ လူစုံတက်စုံ ပွဲထွက်လာမည်ဖြစ်၍ ချယ်လ်ဆီးတို့၏ အောင်ပွဲအလံသည် ဆက်လက်၍ လွင့်နေဦးမည်သာဖြစ်သည်။

ပြောင်းလဲခဲ့ပြီ

သို့ရာတွင် ယမန်နှစ်က ရလဒ်များအရ ဝက်စ်ဘရွန်းက ချယ်လ်ဆီးကို သရေကျအောင် ကစားသည့် မှတ်တမ်းတစ်ရပ်ရှိထားသည်။ အနေအထားအရ ချယ်လ်ဆီး အသင်းမှာ ပြောင်းလဲခဲ့ပြီ ဖြစ်၍ ပြိုင်ပွဲသည် ပွဲကြီးပွဲကောင်း တစ်ရပ် ဖြစ်လာမည်။

ထိုနေ့တွင် အာဆင်နယ်အသင်းသည်လည်း ဖူဟမ်အိမ်ကွင်းသို့ သွားရောက် ကစားရမည် ဖြစ်သည်။ အာဆင်နယ်အသင်းသည် ပြီးခဲ့သော သီတင်းပတ်က ပရီမီယာလိဂ်တွင် ဘလက်ဘန်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ချန်ပီယံလိဂ်ရှုံးထွက်ပြိုင်ပွဲတွင် ကမ္ဘာကျော် ဘောလုံးသမားများ စုဝေးရာ ရီးရဲမက်ဒရစ်အသင်းကို အနိုင်ရလိုက်၍ အာဆင်နယ်အသင်းသားများအားတက်သွားပုံရသည်။

ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ ယှဉ်ပြိုင်ရာတွင် ချယ်လ်ဆီးမှ ဖာရဲရာနှင့် ပို့စ် မောက် မှ ဘင်ဂျနီ တို့၏ အကြိတ်အနယ် ယှဉ် ပြိုင် မှု ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ – အင်တာနက်)

ဖူဟမ်နှင့်အာဆင်နယ်တို့၏ ယမန်နှစ်က ရလဒ်ကို ပြန်လှန်ကြည့်သည့်အခါ အာဆင်နယ်က အဝေးကွင်း၊ အိမ်ကွင်းနှစ်ရပ်စလုံးတွင် အနိုင်ရထားသည့် မှတ်တမ်းတော့ ရှိထားသည်။ မည်သို့ဖြစ်စေ ဘောလုံးပရိသတ်များအနေဖြင့် အာဆင်နယ်ဘက်က အားပေးကြမည်ထင်သည်။

ဆွတ်ခူးထား

အလားတူ စိတ်ဝင်စားဖွယ် ပြိုင်ပွဲတစ်ရပ်ကတော့ ဝီဂန်နှင့်မန်ယူပွဲဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ်က မန်ယူက ဝီဂန်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့်နိုင်ကာ ကားလင်းဖလားကို ပူပူနွေးနွေး ဆွတ်ခူးထားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဖလားတစ်လုံးသာ ဆွတ်ခူးနိုင်သော်လည်း အောင်မြင်သည့်အသင်းအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း မန်ယူမန်နေဂျာ ဖာဂူဆန်က ပြီးခဲ့သော သီတင်းပတ်ကပြောကြားလိုက်သည်။ မန်ယူတို့ အဓိက ဖလားကြီးများနှင့် လွဲခဲ့သည်မှာ သုံးနှစ်ခန့် ရှိသွားပြီဖြစ်သည်။ သို့ရာတွင် ဖာဂူဆန်က သူ၏ အသင်းကို အောင်မြင်မှုများ ပြန်လည်ရယူနိုင်ရေးအတွက် အသင်းကို ပြန်လည် ဖွဲ့စည်းလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ခြိမ်းခြောက်

မည်သို့ပင်ဖြစ်စေကာမူ မန်ယူ–ဝီဂန်ပွဲသည် မန်ယူက အနိုင်ရထားသောအရှိန်ဖြင့် ဝီဂန်ကို ဆက်လက်ခြိမ်းခြောက်ကစားလိမ့်မည်ဖြစ်သည်။

တစ်ဖန် လီဗာပူးနှင့်ချာလ်တန်ပွဲသည်လည်း ကြည့်ကောင်းမည့်ပွဲတစ်ပွဲဖြစ်သည်။ ပြီးခဲ့သော အပတ်က လီဗာပူးက မန်စီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘင်ဖီကာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

လီဗာပူး–ချာလ်တန် ပွဲသည် ယမန်နှစ် မှတ်တမ်းများအရ လီဗာပူးက အိမ်ကွင်းတွင်အနိုင်ရပြီး အဝေးကွင်း၌ ရှုံးထားသည်။ ။

(အင်တာနက်)

ထိုးဖောက်

လီဗာပူးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားရာတွင် လီဗာပူးအသင်းမှ ဟယ်ရီကီးဝဲလ်(ယာ)၏ ထိုးဖောက် ကစားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဒူဘိုင်းအိုးပင်း အမျိုးသားတင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်(၁)နှင့်(၂) ဗိုလ်လုပွဲ၌ တွေ့ဆုံဖွယ်ရှိ

ဒူဘိုင်း မတ် ၃

ဒူဘိုင်းအိုးပင်း အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဗြိတိန်မှ တင်ဟာမန်က စပိန်မှကမ္ဘာ့နံပါတ် (၂) တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကိုရှုံးပြီး ပြိုင်ပွဲမှထွက်သွားရပြီဖြစ်သည်။

နောက်ထပ်ပြိုင်ဘက်

ဗြိတိန်မှ နံပါတ်(၃) အဆင့်ရှိ တင်ဟာမန်သည် အဖွင့်ပွဲစဉ်တွင် ခက်ခဲစွာ ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ရာဖေးလ်နာဒယ်အား ၇–၆ (၇–၁)၊ ၆–၁ဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ရာဖေးလ်နာဒယ်သည် ၎င်း၏နောက်ထပ်ပြိုင်ဘက်မှာ ရိန်နာစချူတလာဖြစ်လာမည်ဖြစ်သည်။

အကြိုဗိုလ်လုမည်

ကမ္ဘာ့နံပါတ်(၁) ရော်ဂျာဖက်ဒရားက ရော်ဘင်ဘစ်ကိုနိုင်ပြီး မီးဟောလ်ယူနိုင်းနှင့် အကြိုဗိုလ်လုရမည်ဖြစ်သည်။

တွေ့ကြမည်

ရာဖေးလ်နာဒယ်က စချူတလာကိုနိုင်ပြီး ရော်ဂျာဖက်ဒရားက မီးဟောလ်ယူနိုင်းကို နိုင်ခဲ့ပါလျှင် ကမ္ဘာ့နံပါတ်(၁) ဖက်ဒရားနှင့် ကမ္ဘာ့နံပါတ်(၂) ရာဖေးလ်နာဒယ်တို့ ဗိုလ်လုပွဲ၌ဆုံကြလိမ့်မည်ဖြစ်သည်။

ပြောကြား

နာဒယ်သည် ဩစတြေးလျ အိုးပင်းတွင် ဒဏ်ရာကြောင့် ပြိုင်ပွဲမှ ထွက်သွားရသည်။ ယင်းဒဏ်ရာမှာ လုံး၀ ပျောက်ကင်းမှု မရှိသေးကြောင်း၊ သို့ရာတွင် ကောင်းသည်ထက်ကောင်းအောင် ကစားသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယှဉ်ပြိုင်မှု

ဒူဘိုင်းအိုးပင်း အကြို ဗိုလ်လုပွဲရောက်လာသော ရာဖေးလ်နာဒယ်၏ ယှဉ်ပြိုင်မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ – အင်တာနက်)

ကမ္ဘာ့နံပါတ်(၁)ဖက်ဒရားက ဘတ်ကို ၆–၃၊၆–၂ဖြင့် နိုင်ခဲ့ချိန်တွင် ရုရှားမှ ယူနိုင်းက ဘယ်လ်ဂျီယံမှ အိုလီဗီဗာကို ၆–၃၊၆–၁ဖြင့်နိုင်ပြီး ယခုနှစ်တွင် ပထမဆုံးအကြိုဗိုလ်လုပွဲ တက်ခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အိန္ဒိယ–မြန်မာ နယ်စပ်နေရာကို ဗဟိုပြု အင်အားအနည်းငယ် မြေငလျင်လှုပ်

ရန်ကုန် မတ် ၃

၂၀၀၆ ခုနှစ် မတ် ၂ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ၄၇မိနစ် ၅၆စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၅၀ခန့်၊ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာမြို့၏ အရှေ့တောင်ဘက် ၄၅ မိုင်ခန့်အကွာ အိန္ဒိယ–မြန်မာ နယ်စပ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၈အဆင့်ရှိ အင်အားအနည်းငယ် ရှိသည့် မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

အင်အားအနည်းငယ် မြေငလျင်လှုပ်

ရန်ကုန် မတ် ၃

၂၀၀၆ခုနှစ် မတ် ၃ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီ၁၄မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၁၇၂ မိုင်ခန့် မြန်မာနိုင်ငံပြည်တွင်းနေရာ(ပဲခူးရိုးမအနီး)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၆အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ဂုဏ်ထူးဦးအောင်ခိုင်

အင်္ဂလိပ်သဒ္ဒါ နှင့် စာစီစာကုံး

လက်ခံပါပြီ ✦ မတ် - ၉ ✦

ဧဒ္ဒီ သင်တန်း

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Essay, Letter, Character

Ph-286871

အမည်ပြောင်း ဦးမင်းလွင်ဆောင်၏ သမီးဖြစ်သူ အထက(၃)မင်္ဂလာတောင်ညွန့် Grade(10)-C မှ မခိုင်မာမင်းအား မသက်ထက်စံဟု ပြောင်းလဲခေါ်ပါရန်။ **မသက်ထက်စံ။**

SAYA-TONY

(SHELL)

IELTS

Summer English Courses

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

TECH

☎ -705702,539531

Level → Beginner Grade (1 to 5) | Advanced Grade (6 to 9)

Dynamic English

8.3.06

PH: 01-376873, 01-282431, 0999-72889

www.aungsoekyarpharmacistaidnurseaid.com

EXCELLENT

Aquarium Fish & Accessories Centre

Open Daily

SPECIAL SUMMER PROMOTION

JEBO Round Glass Aquarium

(Special Discount)

တိဗက်

အရိုးကျိုးပေါင်း၊ လေးဖက်နာ

ဆေးဆေး၊ ဒဏ်ကြေလိမ်းဆေး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၀ခ/၂၁၂၃၁ မှတ်ပုံတင်ထားသူက (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(တောင်ဥ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(တောင်ဥ)။

နင်းဝေလွင်နှင့်နောင်ရိုး စားရိပ်မွန်များတွင်

ဝါရင့် စားဖိုမှူးများ၏ ကောင်းမွန်သောလက်ရာများ၊ ဝန်ထမ်းများ၏ နွေးထွေးပျူငှာသောကြိုဆိုမှုများဖြင့် မြန်မာနှင့်အရှေ့တိုင်း အစားအစာများကို ခရီးသွားရင်းဖြစ်စေ၊လည်ပတ်ရင်းဖြစ်စေ ကားများဖြင့် ဝင်ရောက်စားသုံးနိုင်ပါသည်။

ဖုန်း-၀၄၂-၂၁၇၅၈၊ ၂၅၁၇၉ ပုသိမ်မြို့။

အမည်ပြောင်း

အဖ ဦးကျော်ကျော် S/OKA ၀၈၆၁၃၄၅၉၏သား အလက(၁)ဒဂုံ ပဋ္ဌမတန်း(D)မှ မောင်ဆန်းထွဋ်ထူးလွင်အား စလင်းထက်လွင်ဟု ခေါ်ပါရန်။ **စလင်းထက်လွင်။**

Ko Aw

☎: 540714

Point

Ph:540714

☎ 373885 , 386602

HLA SHWE

Piano Services

စန္ဒရားပြုပြင်ရောင်းဝယ်ရေးလုပ်ငန်း

ဖုန်း - ၃၃၃၃၈၄၊ ၀၉ ၅၀၀ ၉၇၇၅

SOE THET AUNG VIDEO PRODUCTION.

အလှမ်းရဲ့ည

LIVE

VCD KARAOKE

R ဇာနည် စိုင်းစိုင်းခမ်းလှိုင် BiGBAG မောင်မောင်ဇော်လတ် ရန်ရန်ချမ်း သားစိုး ကျော်သူစိုး L လွန်းဝါ ANTiBiOTiC J-Me ဝယ်ဝယ် ရှင်ဖုန်း ခင်ဘုတ်၊ NO ရေဗက္ကဝင်း ကြိုကြာ ဝင်ဒီ L ဆိုင်းစီ BAMBiNO BLUEBERRY

TAPE; CD; VCD & DVD ထွက်ပြီ

KMD (မြေနီကုန်း)

Computer Centre

Fully Air-con

:: i-Office :: Introduction to Internet :: Email & Web Design :: Graphics Design

:: DTP :: Practical A+ :: Practical Network :: Basic Software Engineering

:: Advanced Software Engineering :: LCCI Computerised Accounting

မအိ ၊ စန်း ၊ ရမ်းဗြဲ၊ ဇင်ချောင်း၊ ကျောက်ဖြူမြို့များသို့

ရဲအောင်စံ အမြန်ယာဉ်

ဆက်သွယ်ရန် - Ph: 01 727379, 01 708258, 01 721261

စောင်းထက်ကွမ်း

စွမ်းထက်

ကောင်းတယ်

မြန်မာ့ တိုင်းရင်း

ဆေးစွမ်းကောင်း ရှိတယ်ဗျို့

လန်းသွားတယ်

TAPE, CD, VCD ထွက်ပြီ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု မိတ္ထီလာ၌ ကတ္တရာလမ်းသစ်များဖွင့်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၉

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့မ(၄)နယ်မြေရှိ ပထမလမ်းမတော်ရှိ လမ်းသွယ် (၁)လမ်း ၆၃၅ပေ၊ ယုဇနလမ်းသွယ် ပေ ၂၂၀နှင့် စိန်ချယ်လမ်းသွယ် ပေ၅၄၀ ကတ္တရာလမ်းသစ်များဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က ကတ္တရာလမ်းသစ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကတ္တရာလမ်းသစ်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး လမ်းသစ်များကို ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဓမ္မသဘင်တရားပွဲကို ဖေဖော်ဝါရီ ၂ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း မြို့ပေါက်ဝ အောက်ကျင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ ဓမ္မသဘင် မဏ္ဍပ်တွင် ကျင်းပရာ မော်လမြိုင်မြို့ ပန်းဘဲ တန်းရပ်ကွက် မင်းကျောင်းစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တ သိရိနာဂိန္ဒာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားတော် ချီးမြှင့်စဉ်။ (၁၆၈)

ကျောက်တံခါးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေး၊ အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်

ကျောက်တံခါး ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောက်တံခါးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်လှက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပဲခူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းမော်က ၂၀၀၆ခုနှစ် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်လှုပ်ရှားမှု ဓာတ်ပုံပြပွဲကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အမေ့ရွာစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က အင်းပလွဲကျေးရွာ၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက ပေးအပ်စဉ်။ (၁၃၄)

လောင်းလုံး၌ ကျေးရွာချင်းဆက်လမ်းဆောင်ရွက်

လောင်းလုံး ဖေဖော်ဝါရီ ၂၀

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော လုပ်ငန်းဖြစ်သည့် ရဘဲ-စွန်ကြီး ကျေးရွာချင်းဆက် မြေသားလမ်းကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်လှနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အုံးတို့ လုပ်ငန်း ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံ အင်ဂျင်နီယာ ဦးပြည့်ထွန်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ချောင်းဦးမြို့ ဗိုလ်တဲကတ္တရာလမ်း ပြင်ဆင်ထိန်းသိမ်း

ချောင်းဦး ဖေဖော်ဝါရီ ၁၈

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများ အသစ် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ချောင်းဦးမြို့ ဗိုလ်တဲကတ္တရာလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ပေးကြကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၅-၃-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)
- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (စစ်ကိုင်းခရိုင်မှ မွေးမြူရေးလုပ်ငန်း)
- ၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (သူတို့လို အလှပြင်ပါ)
- ၁၂:၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ် (အတတ်ပညာ)
- ၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ပေးဆပ်သူတို့၏ စိတ်ဓာတ်များ)
- ၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာ အဆင်တန်ဆာ ဦးမင်းနိုင်)

ညနေပိုင်း

- ၁၆:၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (ဇီဝဗေဒ၊ သမိုင်း)
- ၁၇:၀၀ (၅၈)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ
- ၁၇:၁၅ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (မြန်မာနှင့် ပုံတောင်-ဒေါက်တာသက်လွင်)
- ၁၇:၃၀ သူ့အလှည့် (ပြည်လှဖေ)
- ၁၈:၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
- ၁၉:၁၅ အနုပညာရှင်များနှင့်ဆွေးနွေးခန်း (ဂန္ထဝင်တေးသံရှင် ဦးအုံးကြီးနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge

ဖယ်ခုံမြို့၌ ညောင်ကုန်းစက်ရေတွင်းဖွင့်

ဖယ်ခုံ ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ညောင်ကုန်းရပ်ကွက်တို့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ပူးပေါင်းဆောင်ရွက်ပြီးစီးသော ညောင်ကုန်းစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးဝင်းတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်မိုးနှင့် ဖယ်ခုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောဒီးဒီတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၆-၃-၂၀၀၆ (တနင်္လာနေ့)

❑ ပုစွန်အကြောင်းသိကောင်းစရာ
- အများပြည်သူ များ

❑ Intra-ASEAN Socio-Economic and security Co-operation
- သမိုင်း ပ၊ဒု၊တနှစ် ဂုဏ်ထူးတန်း မဟာအရည်အချင်းစစ်ကျောင်းသား၊ ကျောင်းသူများ

၇-၃-၂၀၀၆ (အင်္ဂါနေ့)

❑ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဥပဒေနှင့်နိုင်ငံတော်၏ လက်တွေ့ဆောင်ရွက်ချက်များ
- အများပြည်သူများ

❑ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
- တတိယနှစ် ဥပဒေအထူးပြု အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ

၈-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

❑ Soaps and Detergents (Soaps)
- တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ

❑ Detergents
- တတိယနှစ် ကုန်ထုတ်ဓာတုဗေဒ၊ ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၉-၃-၂၀၀၆ (ကြာသပတေးနေ့)

❑ The Role of Psychology in Regional Development
- စိတ်ပညာအထူးပြု အဝေးသင်၊ နေ့ ကျောင်းသား၊ ကျောင်းသူများ အများပြည်သူများ

❑ Methods of Integration
- ပထမနှစ် သိပ္ပံ နေ့ကျောင်းသား၊ ကျောင်းသူများ

၁၀-၃-၂၀၀၆ (သောကြာနေ့)

❑ ပုဂံမြို့ဟောင်းနှင့် ကျွန်တော်စာတမ်းငယ် လေ့လာချက်
- ပထမနှစ်အထူးပြုအားလုံး၊ မဟာဝိဇ္ဇာ အရည်ချင်းစစ်နှင့် မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)

❑ ပုဂံခေတ်ကျောက်စာများတွင် ထင်ဟပ်နေသော ပုဂံခေတ် အမျိုးသမီးများ
- ပထမနှစ်မှ မဟာဝိဇ္ဇာတန်းထိ အရည်းအချင်းစစ်နှင့် မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)နှင့်ကျောင်းသား၊ ကျောင်းသူများ
- အများပြည်သူများ

နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ

၁၁-၃-၂၀၀၆ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၁၂-၃-၂၀၀၆ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

စုပေါင်းစိုက်ပျိုး

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မောင်ကော့ကန်ကျေးရွာ ပြည်သူများ စုပေါင်း၍ ကျေးရွာချင်းဆက်လမ်း၌ ဖေဖော်ဝါရီ ၁၀ ရက်က ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



ထားဝယ်မြို့နယ် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ မျိုးစေ့ ပျိုးကိုင်းများ ပျိုးအိတ်အတွင်း စုပေါင်းထည့်သွင်း

ထားဝယ် ဖေဖော်ဝါရီ ၂၄

ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် မျိုးစေ့နှင့် ပျိုးကိုင်းများအား ပျိုးအိတ်ငယ်များအတွင်းသို့ စုပေါင်းထည့်သွင်း ပျိုးထောင်ခြင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၇ရက် နံနက်၉နာရီက ထားဝယ်မြို့နယ် ဇလွန်းကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားသို့ ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေထွန်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက ကြက်ဆူပျိုးအိတ်များ ပျိုးထောင်ပေးပြီး ပွဲတော်ကို ဖွင့်လှစ်ပေးရာ **(ဝဲပုံ)** တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြက်ဆူစေ့အိတ် ၁၇၀၀၀နှင့် ပျိုးကိုင်းအိတ်၁၀၅၀၀ စုစုပေါင်းပျိုးအိတ် ၂၇၅၀၀ကို စုပေါင်း၍ ပျိုးအိတ်ထည့် ပွဲတော်ကို တပျော်တပါး ဆင်နွှဲကြကြောင်း သိရသည်။ **(က-ပ)**

မှော် ဘီ မြို့နယ် ဆပ် သွားတော-ညောင်နှစ်ပင် ကတ္တရာလမ်း ပြုပြင် ထိန်းသိမ်းရေး လုပ် ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်တိုင်း စည် ပင် သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကြည့်ရှု စစ်ဆေးရာ ခေတ္တအမှုဆောင်အရာရှိ ဦးသာဦးနှင့်လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ်၌ ရောင်ခြည်သစ် စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးနှင့် ကျန်းမာရေးဆိုင်ရာရှင်းလင်း

ဒိုက်ဦး ဖေဖော်ဝါရီ ၁၈

ဒိုက်ဦးမြို့နယ် ဖအောင်ဝဲစံပြကျေးရွာ လက်ပံတန်း အခြေခံပညာမူလတန်းလွန်ကျောင်း၌ ရောင်ခြည်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူး ဦးလှသောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ရှင်းလင်း

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး လှသောင်းနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းရာ မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး ဦးအေးချိုက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်တွင်ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တာလေ ဘုရင့်နောင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

တာလေ ဖေဖော်ဝါရီ ၂၃

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တာလေမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဘုရင့်နောင်လမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးကျော်ကျော်ဦးက အမှတ်(၃)ရပ်ကွက် ဘုရင့်နောင်လမ်းကျောက်ချောခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိန်လှမောင်၊ တာချီလိတ်မြို့နယ်အမှုဆောင်အရာရှိဦးမြင့်လွင်နှင့်တာလေမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းဦးတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် စည်ပင်)

မလငါးတန် မွံ့ဖြိုးမို့ စာအုပ်စာပေ လေ့လာစို့

ကလိန်အောင်မြို့၌ လူငယ်များဘက်စုံပညာလေ့လာရန် ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်

ကလိန်အောင် ဖေဖော်ဝါရီ ၂၈

ကလိန်အောင်မြို့ အမှတ်(၄) ရပ်ကွက်၌ ကလေးငယ်များ ဘက်စုံပညာ လေ့လာဆည်းပူးနိုင်ရန်အတွက် ရည်ရွယ်၍ ကိုယ့်အားကိုယ်ကိုး လူထုဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူး ဒေါ်ခင်မိုးလွင်က အစီအစဉ်များ ကြေညာပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်မြင့်၊ ပက်ထရိုနက်ကုမ္ပဏီ မန်နေဂျာ မစ္စတာဒေးဗစ်ပက်တိနှင့် လူထုဖွံ့ဖြိုးရေးသင်တန်းကျောင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး ဦးဗိုလ်မြင့်ကလူထုဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပက်ထရိုနက်ကုမ္ပဏီမန်နေဂျာ မစ္စတာဒေးဗစ်ပက်တိကဤသင်တန်းကျောင်း ပေါ်ပေါက်လာသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ကျောင်းဆက်လက်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြီး အလှူရှင်များအား ကျောင်းကော်မတီ ဥက္ကဋ္ဌက ဂုဏ်ပြု လက်မှတ်များ ပြန်လည်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးမြို့ တောင်ဇင်းကျေးလက် ရေပေးရေးဆောင်ရွက်

ညောင်ဦး ဖေဖော်ဝါရီ ၂၀

ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ဇင်းကျေးလက် ရေပေးရေးလုပ်ငန်းအဖြစ် ဧရာဝတီမြစ် ရေပေးရေးလုပ်ငန်းမှ မြို့နယ်အတွင်းရှိ ကျေးရွာ၉၆ရွာနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ စုစုပေါင်း ၉၈ရွာသို့ ရေဂါလန် ၁၃သိန်း ပေးဝေလျက်ရှိရာ ဖေဖော်ဝါရီ ၈ရက်က ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်သိန်းနှင့် အဖွဲ့က နဘူးတော၊ ရှင်မိန်၊ နပ္ပလင်နှင့် မကျီးစောက် ရေတွန်းစက်ရုံများလည်ပတ်မှုအခြေအနေ၊ ကျေးရွာရေဝေကန်များမှ ရေပေးဝေမှုအခြေအနေများကို ကြီးကြပ်စစ်ဆေးကြပြီး စက်စက်ယိုကျေးရွာ ရေစုကန်မှ ကျေးရွာတွင်းအရောက် ရေပိုက်လိုင်းသွယ်တန်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(နယ်စပ် /စည်ပင်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြောနှင့်ကိုယ်ဟန်ပြပွဲ ဆုချီးမြှင့်

ဆင်ဖြူကျွန်း ဖေဖော်ဝါရီ ၂၄

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု တိုင်းရင်းသားဝတ်စုံပြည့်ကျောင်းသားကျောင်းသူကလေးများက "ဒို့ပြည်ထောင်စု ညီညွတ်မှုထာဝစဉ်"တေးကဗျာကို သီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စောနွယ်မြင့်နှင့် လက်ထောက်ဆရာမ ဒေါ်လှဝင်းရီတို့က ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ဖွင့်လှစ်ခဲ့ရခြင်းနှင့် ကလေးများအား သင်ကြားမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာ အကပဒေသာဖြင့် ဖျော်ဖြေပြီး ကဗျာရွတ်၊ပုံပြော၊ကိုယ်ဟန်ပြပြိုင်ပွဲကိုကျင်းပရာ အမျိုးသား၊ အမျိုးသမီးငယ်၊လတ်၊ကြီးအဆင့် အသီးသီးတွင် ထူးချွန်သောကလေးများအား ဆရာမ၊မိဘ၊ ဧည့်သည်တော်တို့ကဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို ချီးမြှင့်ပြီး **(အောက်ပုံ)** ကလေးများအား ဆရာမများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ဆုများချီးမြှင့်ကြသည်။ **(က-ပ)**

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်၏(၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂-၄-၂၀၀၆ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းနှင့် အစမ်းလေ့ကျင့်ခြင်းကို ၁-၄-၂၀၀၆ရက်(စနေနေ့)နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့ နှင်းသဘင်အခမ်းအနား၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားကြရမည်။

(က) ဒုတိယနှစ် (M.Med; Tech;) (၁၂/၂၀၀၄) အောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ် (B.Med; Tech;) (၁/၂၀၀၅) အောင်မြင်ပြီးသူများ ဘွဲ့နှင်း

သဘင်တက်ရောက်ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/- နှင့် အဝေးရောက်ဘွဲ့ ယူလိုသူများသည် အဝေးရောက် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/-ကို ပေးသွင်းရပါမည်။ သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်လျက် နောက်ဆုံးရိုက်ထားသော(တစ်လက်မခွဲ ˚X နှစ်လက်မ) အရွယ် ဓာတ်ပုံ(၃)ပုံနှင့်အတူ ၁၀-၃-၂၀၀၆ရက် နောက်ဆုံးထား လျှောက်ထားရမည်။(ဘွဲ့တက်ရောက်ယူမည့် သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ကြရမည်။) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ(သို့)တိုင်းရင်းသားဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ ယဉ်ကျေးမှုနှင့် လျော်ညီစွာ တက်ရောက်ကြရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်ကျောင်းသားရေးရာဌာန ဖုန်း-၆၄၀၈၄၆၊ ၆၄၀၈၄၈ သို့ စုံစမ်းနိုင်ပါသည်။

သီသီတင် (မော်ကွန်းထိန်း)

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်။

ဟောပြောခြင်းဖြင့် ဘဝများနှင့် အဆင့်မြင့်မားအောင်မြင်လိုသူများ

လူမှုရေးအသင်းအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းများအတွက်
စင်မြင့်ပေါ် ဟောပြောနည်းနှင့် လက်တွေ့စကားပြောနည်း
စနေ၊ တနင်္ဂနွေဟောပြောပွဲနှင့် တစ်လသင်တန်းများ

ဆက်သွယ်ရန် ဖုန်း-၂၅၂၇၈၉၊ ၃၈၂၉၅၆။

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည် ဦးအေးကျော်(KTDA-၀၀၆၆၅၈)၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်း၊ အမှတ်-၁၃၀ ရှိ အဆောက်အအုံ၏ မျက်နှာမူရာဝဲဘက်၊ ဒုတိယထပ်၊ အခန်း(၅၊၆)၊ ၂လွှာပါ အခန်းနှင့် ပတ်သက်၍ ဦးအေးကျော်၏ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းမပြုရန် သတိပေးတားမြစ်လိုက်ပါသည်။ ဤတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ**

ဦးဇော်သိန်းထွန်း(တရားရုံးချုပ်ရှေ့နေ၊ အမှတ်စဉ် ၁၆၁၅)
အမှတ်-၄၈(မြေညီထပ်)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊
ဖုန်း-၀၉ ၅၀၀-၀၆၉၀။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘားအံခရိုင်တရားမရုံးတော်၌

၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁/၂၀၀၆

၁။ ဦးဉာဏ်ထွန်း
၂။ ဦးအန့်ကူ
အမှတ်(၂)ရပ်ကွက်၊ အင်းလေးလမ်း ဘားအံမြို့။

နှင့်

၁။ ဒေါ်လှငွေ
၂။ ဒေါ်နိုင်းစိန်
(ကော့လမုကျေးရွာအလယ်ပိုင်း ကော့လမုအနောက်၊ဘုန်းကြီးကျောင်းရှေ့၊ ဘားအံမြို့နယ်)
၃။ ဒေါ်ပိုင်းစိန်
၄။ ဒေါ်အေးလှိုင်
၅။ မင်းသားကြီး
၆။ မိမြင့်မြင့်အေး
၇။ မိထားကြည်
၈။ မိသူဇာ
၉။ မိသာယာစိုး
၁၀။ မင်းကျော်နိုင်
(ကော့လမုကျေးရွာ၊ နောက်ပိုင်း ဘားအံမြို့နယ်)
၁၁။ ကိုမောင်မြင့်
(ကော့လမုကျေးရွာ၊ အလယ်ပိုင်း ကော့လမုကျေးရွာဘုန်းကြီးကျောင်းရှေ့၊ ဘားအံမြို့နယ်)

တရားပြိုင်(၂) ဒေါ်နိုင်းစိန်၊ (၇) မိထားကြည်၊ (၈)မိသူဇာ၊ (၉) မိသာယာစိုး၊ (၁၀) မင်းကျော်နိုင်နှင့် (၁၁) ကိုမောင်မြင့်(ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ ခုနှစ် မတ်လ (၂၃)ရက်(၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်) နေ့မွန်းမတည့်မီနံနက် ၁၀:၀၀ နာရီချိန်တွင် အထက်က အမည်ရေးသားပါရှိသူတရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ (၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်စိုး
ခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး၊ ဘားအံမြို့။

မသီတာအောင်နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၂၅/၉၁လမ်း၊ ကန်တော်ကလေးနေ အဘွားဒေါ်ခင်မြင့်၏ အိမ်ထောင်စုဝင်ဖြစ်သော မသီတာအောင်သည် အဘွားဆိုဆုံးမသည့် စကားများကို နာခံခြင်းမရှိ၊ စိတ်ဆင်းရဲမှု အမျိုးမျိုးပြုလုပ်ကာ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့် ဒေါ်ခင်မြင့်မိသားစု စီးပွားရေးလုပ်ငန်းတို့မှာ ပတ်သက်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ထွန်းဦး
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၀၊ ဘဏ်လမ်း၊
အခန်း(အီး/၇)၊ ကျောက်တံတားမြို့နယ်။

ဗန်းမော်မြို့နေ ဦးအုန်းဖေ-ဒေါ်တင်ဦးတို့ သိစေရန်

ရန်ကုန်မြို့နေ ဦးဘမော်၏ သမီးအရင်း ဒေါ်ခင်မို့မို့လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ

၁။ ဗန်းမော်မြို့ မင်းကုန်ရပ် အမှတ်-၉၀ (ဈေးအနီး)ဟု ခေါ်တွင်သော ဝ ဒသမ ၀၄၉ ဧကရှိ ၁၉၅၃-၅၄ ခုနှစ်က ဦးဘကြူး-ဦးနထူး အမည်ဖြင့်ရှိခဲ့သော မြေကွက်တစ်ကွက်၊

၂။ ဗန်းမော်မြို့ မြို့လယ်လမ်း အမှတ်-၆၅(ဗလီအနီး) မိဘဂုဏ်ကျေးဇူးတိုက်ဟု ခေါ်တွင်သော အဆောက်အအုံတည်ရှိရာ ဝ ဒသမ ၁၃၆ ဧကရှိ ၁၉၅၄-၅၅ခုနှစ်က ဦးနထူး အမည်ဖြင့်ရှိခဲ့သော မြေကွက်တစ်ကွက်တို့မှာ ဗန်းမော်မြို့နေ ဦးနထူး-ဒေါ်စိန်ချယ်တို့ပိုင်ဆိုင်ခဲ့သောမြေကွက်များဖြစ်၍ မိဘနှစ်ပါး ကွယ်လွန်သည့်နောက်ပိုင်း သားသမီး ခုနစ်ဦးဖြစ်သည့် ၁။ ဒေါ်ဘေဂွန် ၂။ ဒေါ်ခင်ကြေ ၃။ ဒေါ်ခင်မေ ၄။ ဦးအုန်းဖေ(ခ)ဦးအီဗရာဟင် ၅။ ဒေါ်ခင်ရွှေ ၆။ ဦးဘမော်(ခ)မဂျစ်ဘိုင် ၇။ ဒေါ်ခင်လေးတို့၏ အမွေဆိုင်ပစ္စည်းများ ဖြစ်ပါသည်။ ၁၉၅၆ခုနှစ် မေလ ၄ ရက်နေ့ ဖခင် ဦးနထူး ကွယ်လွန်ပြီးနောက်ပိုင်း ယင်းအမွေဆိုင်ပစ္စည်းများကို အစ်ကိုကြီးဖြစ်သူ ဦးအုန်းဖေ(ခ)ဦးအီဗရာဟင်နှင့် ဇနီး ဒေါ်တင်ဦးတို့က အမှတ်-၁ မြေကွက်ကို ရောင်းချခြင်း၊ အမှတ်-၂ မြေကွက်ကို ခွဲခြမ်းစိတ်ဖြာ ရောင်းချခြင်း၊ ခွဲခြမ်းစိတ်ဖြာ၍ အမည်များပြောင်းလဲထားခြင်းများ ပြုလုပ်ခဲ့ပြီး ကျန်အမွေဆိုင်များအား ခွဲဝေရှင်းလင်းပေးရန် ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမွေဆိုင်တစ်ဦးဖြစ်သည့် ဦးဘမော်၏ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်မို့မို့လွင်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဤကြော်ငြာပါရှိသည့် (၁၅)ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ခဲ့ပါက ဥပဒေကြောင်းအရ တရားစွဲဆိုရလိမ့်မည်ဖြစ်ကြောင်း။

ဒေါ်ခင်မို့မို့လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

- **ဒေါ်ခိုင်ခိုင်လှဲ LL.B (အထက်တန်းရှေ့နေ) စဉ်-၂၄၂၄၉ ဖုန်း-၇၂၈၆၈၀(၀၁)**
- **ဦးအယ်လ်ခွန်ရိန်ပန် LL.B,.D.B.L,.H.G. P (အထက်တန်းရှေ့နေ) စဉ်-၂၄၀၆၉ ဖုန်း-၀၉-၈၀ ၂၁၆၀၃**
- **ဦးမြင့်စိုး H.G.P (အထက်တန်းရှေ့နေ)-ဖုန်း- ၅၆၀၉၄၄(၀၁)။**

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးစောနိုင်- ဒေါ်မိမိမြ၏ သမီးဖြစ်သူ မစောမြတ်သူ ၁၂/အစန(နိုင်) ၀၀၁၂၂၀သည် မိဘ၊ညီအစ်ကို မောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။ **ဦးစောနိုင်-ဒေါ်မိမိမြ။**

ကားအခွန်ပုံစံ(၁) လျှောက်ထားခြင်း

ဒေါ်ကြူကြူပိုင်ဆိုင်သော ၁ခ/၃၅၇၈ ဖြူ၊ စူပါရှဘင် အခွန်ငြိမ်းပုံစံ (၁) ပျောက်ဆုံးသွားပါသဖြင့် လျှောက်ထားကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ကြူကြူ
၇/တငန (နိုင်)၀၆၃၃၂၀။

မူဆယ်ဝန်းကျင် Shopping ?
ခရီးသွားဝန်ဆောင်မှု (Guide)

တရုတ်စာ၊
တရုတ်စကားကျွမ်းသည်၊
ဒေသကျွမ်းသည်
Digital ပစ္စည်းများနားလည်သည်။
ရန်ကုန်တွင် Booking လုပ်ပါ။

ဦးချူး(ဗှာကျုံး)
ဖုန်း-၀၁-၂၉၆၁၅၆(ည ၉:၀၀အထိ)

မြန်မာ့မီးရထားသံလမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းအဖြစ် မြန်မာ့မီးရထားတိုင်း(၁) အင်ဂျင်နီယာမှူး (မြို့ပြ)ဦးမောင်မောင်သန်း၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ ဦးဉာဏ်ဝင်း ဦးဆောင်သော အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၂ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားဘူတာဝင်းအတွင်း ကျောက်ခွဲသားများ တွဲဆိုင်းများပေါ်မှချပြီး သံလမ်းများတွင် ပို့ချပေးစဉ်။ (မီးရထား)

မော်လမြိုင်ကျွန်း မြို့မ(၁၀)ရပ်ကွက်ရုံးသစ်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀

ငွေကျပ် ၄၂သိန်းကျော်တန် မော်လမြိုင်ကျွန်းမြို့မ(၁၀)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက ရုံးသစ်အဆောက်အအုံရှေ့ မျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က မြို့မ ၁၀ရပ်ကွက် ရုံးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရပ်ကွက်ရုံးသစ် အဆောက်အအုံအလှူရှင် ကျွန်းရွှေဝါသစ်ခွဲစက်ပိုင်ရှင် ဦးကိုကိုဦးနှင့် ရုံးသစ်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ထင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ မြို့မ ၁၀ရပ်ကွက်ရုံးသစ်ကို အလှူရှင် ဦးကိုကိုဦး-ဒေါ်ဝါဝါဦး မိသားစုက ငွေကျပ် ၃၈သိန်းကျော် မတည်လှူဒါန်းပြီး ရပ်ကွက်ပြည်သူများ စုပေါင်းလှူဒါန်း ငွေကျပ် လေးသိန်းကျော်အပါအဝင် စုစုပေါင်းငွေကျပ် ၄၂သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(ဝ၉၇)**

ဖလမ်းမြို့လယ်လမ်းဆုံ ပန်းအလှပင်များပြုပြင်

ဖလမ်း ဖေဖော်ဝါရီ ၁၀

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက်မြို့လယ်လမ်းဆုံများ၌ ပန်းအလှပင်များပြုစုပျိုးထောင်မှုကို ဇန်နဝါရီ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(ပြည်နယ်စည်ပင်)**

ဖေဖော်ဝါရီ ၁၈ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်းမြို့နယ်အဆင့် ကျောင်းလုပ်ငန်းဘက်စုံ ထူးချွန်ဆုရ မဇင်မာဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်လှက ဆုချီးမြှင့်စဉ်။ (ပညာရေး)

တောင်ကြီးမြို့မဈေး မီးဘေးသရုပ်ပြသ

တောင်ကြီး ဖေဖော်ဝါရီ ၂၀

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးညိုအေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးဝန်ထမ်းများ စုပေါင်း၍ မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မိုင်းနောင်မြို့ အာရောဂျံလမ်း ကတ္တရာလမ်းခင်း

မိုင်းနောင် ဖေဖော်ဝါရီ ၁၅

မိုင်းနောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် အာရောဂျံလမ်းအရှည် ၇၆၆ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးထိန်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းပြည့်ဖြိုးတို့ ကွင်းဆင်းကြီးကြပ်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မရမ်းကုန်းရေထိန်းတံခါးနှင့် ကတိုက်ရေလှောင်တမံစီမံကိန်းကြည့်ရှုစစ်ဆေး တမံစီမံကိန်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေးကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၃

မွန်ပြည်နယ် သထုံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် မရမ်းကုန်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဒီရေကျချိန်တွင် ကုန်းတွင်းပိုင်းမှ ပိုလျှံရေများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှုသက်သာစေရန် ရေထိန်းတံခါးတည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် လယ်မြေဧက ၇၅၀၀ကို အကျိုးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေထိန်းတံခါး၏ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရေထိန်းတံခါးတည်ဆောက်မှုစီမံကိန်းမှ ပေါ်ထွက်လာမည့် ဂဝံကျောက်များဖြင့် ကျေးရွာလမ်းများတွင် အကျိုးရှိစွာ အသုံးပြုနိုင်မှုနှင့် ရေတော်မိုးတော်စပါး စိုက်ပျိုးနိုင်မည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစိန်ဝင်းက ဆည်ရေဖြင့် စပါးစိုက်ပျိုးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တွန်းအားပေးဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသအနေဖြင့် လက်ရှိလယ်ဧက ရှစ်သိန်းခွဲ စိုက်ပျိုးလျက်ရှိရာ ရေထိန်းတံခါးပြီးစီးသွားပါက မိုးစပါးကို ဧက ၁၀သိန်းနှင့် နွေစပါးကို ဧကတစ်သိန်းခွဲ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များက ကြိုးကြပ်ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုပါ တွန်းအားပေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

ကတိုက်ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာရှိ ကတိုက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်တွင် စက်ယန္တရားအင်အားဖြင့် ချောင်းနေရာ တမံမြေဖို့ခြင်းလုပ်ငန်း (ယာပုံ)နှင့် **ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှု** (အပေါ်ပုံ) တို့ကို ဖေဖော်ဝါရီ ၂၃ရက်က ဤသို့တွေ့ရသည်။

(သတင်းမှတ်စု စာ- ၈)

ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ပုသိမ်-မော်တင်စွန်းလမ်း တိုးချဲ့ဖောက်လုပ်

ဘုရားဖူးကားများ နေ့ချင်းပေါက် ငါးနာရီဖြင့်သွားလာနေကြပြီ

ရန်ကုန် မတ် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက်က ဘုရင့်နောင်-ပုသိမ်လမ်းအတိုင်း ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်၌ လမ်းများအဆင့်ဆင့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့သို့ ရောက်ရှိသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ဆက်လက်၍ ဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင်က ဆောင်ရွက်လျက်ရှိသော လမ်းသားပေ၃၀အကျယ် ရရှိအောင် စက်ယန္တရားကြီးများဖြင့် လမ်းသားချဲ့ဆောင်ရွက်ခြင်းလုပ်ငန်း၊ ချောင်း ကျောက်စရစ်ခင်းကြိတ်ခြင်းလုပ်ငန်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးနေပြီဖြစ်သည့် ရေပြွန်များ၊ သစ်သားတံတားများကို မော်တင်စွန်းအထိ လမ်းတစ်လျှောက်၌ ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

လွယ်လင့်တကူသွားလာနိုင်

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမှာ ပုသိမ်မြို့မှ ၁၀၂မိုင်ကွာဝေးပြီး ယခင် တစ်ကြောင်းထိုး မြေလမ်းအဆင့်မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ၃၀အကျယ် လမ်းတာပေါင်ချဲ့ခြင်း၊ အမာခံချောင်းကျောက်စရစ်ခင်းခြင်း၊ လိုအပ်သည့် ရေပြွန်များ၊သစ်သားတံတားများ တည်ဆောက်ပေးခြင်းဖြင့် ယခုအခါ မော်တင်စွန်းဘုရားပွဲအမီ အပြီးဆောင်ရွက်ပေးခဲ့ပြီး ဘုရားဖူးကားများ နေ့ချင်းပေါက်ငါးနာရီဖြင့် သွားလာနေကြပြီဖြစ်သည်။ ထို့အပြင် ယခင်က ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အဓိကထား သွားလာနေရသည့် အနီးအနားကျေးရွာနေ ပြည်သူများသည် ခရီးသည်တင်ကားများဖြင့် ယခုလမ်းခရီးကို အသုံးပြုကာ လွယ်လင့်တကူ သွားလာနိုင်ကြပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**